## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည်ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

**အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၅၄)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်

## ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်းရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့်နိုင်ငံ၏အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ရန်လိုအပ်သည့် စာသင်ဆောင်များနှင့်ယာယီစာသင်ဆောင်ဆောက်လုပ်နေမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့လိုက်ပါ၍ ယနေ့တွင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး

**စာမျက်နှာ ၁၆ ကော်လံ ၁ ★**



# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်)

## စိမ်းလန်းစိုပြည်အလှဆင် ပန်းမြို့တော်ပြင်ဦးလွင်

ပြင်ဦးလွင်မြို့နယ်တွင် ရာသီဥတုမျှတကောင်းမွန်ခြင်း၊ သန့်ရှင်းလတ်ဆတ်သည့်အသီးအနှံများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသောက်နိုင်ခြင်းတို့ကြောင့် လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် များပြားလာနေသည်။ လူအများနေထိုင်ရာတွင် ရေသည်မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည့်အတွက် သောက်သုံးရေနှင့်စိုက်ပျိုးရေများဖူလုံစွာရရှိနိုင်ရေး၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ချယ်ရီပင်များ ကောင်းမွန်စွာပေါက်ရောက်သည့်ဒေသဖြစ်သည့်အတွက် ချယ်ရီမြို့တော်ဖြစ်စေရေး စနစ်တကျဖြင့်စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

ပြင်ဦးလွင်သည် ပန်းမြို့တော်ဟု ယခင်ကတည်းကပင် နာမည်ရပြီးသားမြို့ဖြစ်သည့်အတွက် အစဉ်အလာကောင်းများကို ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်ပြီး ဒေသမျိုးရင်းပန်းမျိုးများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပန်းမျိုးစုံအများအပြားထွက်ရှိခြင်းဖြင့် ပြည်တွင်းသာမက ပြည်ပသို့ပင်တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ပန်းမျိုးစုံတင်ပို့ရောင်းချခြင်းဖြင့် ဝင်ငွေများစွာရရှိနိုင်ပြီး ဒေသစီးပွားရေး၊ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်သည်။ ဂန္ဓမာနှင့်သစ္စာပန်းမျိုးများမှာ ပြင်ဦးလွင်၌ အောင်မြင်ဖြစ်ထွန်းပြီး လူသုံးများသည့်အလှပန်းများဖြစ်သည်။

ပြင်ဦးလွင်မြို့သည် ပြည်တွင်းပြည်ပမှ ခရီးသွားအများအပြားလာရောက်သည့် မြို့တစ်ခုဖြစ်သည့်အတွက် မိမိတို့ဒေသသို့ လာရောက်သည့်သူများကို အကောင်းဆုံးဝန်ဆောင်မှုများပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်နိုင်ရမည်ဖြစ်သည်။ ဒေသမှထွက်ရှိသော သန့်ရှင်းလတ်ဆတ်သည့်အသီးအနှံနှင့် စားသောက်ဖွယ်ရာများ၊ ဒေသရိုးရာအစားအသောက်များဖြင့် ခရီးသွားများကိုဆွဲဆောင်နိုင်ရမည်ဖြစ်သည်။ မိမိနေထိုင်သည့်အိမ်မှာ နေချင်စဖွယ်ကောင်းအောင်သာယာနေမှ ဧည့်လာမည်ဖြစ်သည့်အတွက် ပြင်ဦးလွင်ဒေသသန့်ရှင်းသာယာလှပရေးအတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စိမ်းလန်းစိုပြည်မှုသည် မျက်စိပသာဒကိုဖြစ်စေပြီး အေးချမ်းမှုကိုခံစားရစေနိုင်သည်ဖြစ်သဖြင့် လမ်းမကြီးများ ဝဲ၊ ယာ၌ အရိပ်ရအပင်များကို စနစ်တကျဖြင့်စိုက်ပျိုးကြရန်ဖြစ်သည်။ လမ်းများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များအတိုင်းပြည့်မီရန်လိုပြီး လမ်းမကြီးများဥပဒေကိုလည်း ပြည်သူများလိုက်နာမှုရှိစေရေး အသိပညာပေးဆောင်ရွက်ရမည်ဖြစ်သည်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့၊ ကျေးရွာများအားလုံး သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ဆောင်ရွက်ရန်လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၉ ရက်က ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့်စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **"ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လုပ်ငန်းဖြစ်နိုင်ခြေများအနက် ကာလတိုအတွင်း ထိရောက်လျင်မြန်သောအစီအမံ(Quick Win Plan) ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရေလှောင်တမံများအား အဆင့်မြှင့်တင်ရာတွင် တမံများ၏သက်တမ်းနှင့် ကြံ့ခိုင်မှုတို့ကို စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရေလှောင်တမံများနှင့်ရေလှောင်ကန်များ တည်ဆောက်ရန်လျာထားရာ၌ အကျိုးပြုဧရိယာနှင့် ရေသုံးစွဲမည့်လူဦးရေပမာဏ၊ နောင်အနာဂတ်တွင် တိုးပွားလာနိုင်မည့်လူဦးရေပမာဏတို့ကိုလည်း ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း မြို့ပြနှင့်ကျေးလက်လူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှု၊ လူနေမှုပုံစံတို့ကို စနစ်တကျပြုစုဆောင်ရွက်သွားရန်လိုပြီး ယင်းအချက်အလက်များအပေါ်တွင်အခြေခံ၍ ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ပြင်ဦးလွင်မြို့အနေဖြင့် အေးမြသည့်ရာသီဥတုရှိသည့်အတွက် အားကစားလုပ်ဆောင်ရန်သင့်လျော်သည်။ အားကစားမြို့တော်အဖြစ် ဆောင်ရွက်နိုင်မည့်အခြေအနေကောင်းများကိုလည်း ပိုင်ဆိုင်ထားသည့်မြို့နယ်ဖြစ်သည်။ ဘောလုံးအားကစားပွဲများ၊ စက်ဘီးစီးပြိုင်ပွဲများနှင့် အခြားအားကစားနည်းများကို ဆောင်ရွက်၍ရနိုင်မည်ဖြစ်သည်။ ထို့ကြောင့် Town Plan များ ရေးဆွဲရာတွင် အားကစားကွင်းများကိုပါ စနစ်တကျတွက်ချက်၍ ထည့်သွင်းရေးဆွဲဆောင်ရွက်ရမည်ဖြစ်သည်။ ပြင်ဦးလွင်မြို့အား Green City၊ Clean City ၊ Smart City ဖြစ်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်တွင် သစ်တောများဖုံးလွှမ်းမှုရှိစေရေး သစ်တောသစ်ပင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက်ဆောင်ရွက်ရမည်ဖြစ်သည်။ ပြင်ဦးလွင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသတွင်းနေထိုင်သူများနှင့် ဒေသတွင်လာရောက်တာဝန်ထမ်းဆောင်နေကြသူများက အဓိကဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မိုးကြို(နွေနှမ်း)စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

စစ်ကိုင်း ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပေါင်ကြီးတင်စနစ် အပါအဝင် ကြဲပက်စနစ်၊ အတန်းစိုက်စနစ် စသည့် စိုက်ပျိုးနည်းလမ်းများဖြင့် ဆီထွက်သီးနှံ မိုးကြို (နွေနှမ်း) စိုက်ပျိုးထားရာ လက်ရှိအချိန်အထိ ရာနှုန်းပြည့်နီးပါးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မိုးကြို(နွေနှမ်း)စိုက်ပျိုးရန် လျာထား ၁၉၈ ဧကတွင် ၂၀၁ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး မြေအောက်ရေ၊ တောင်သူရေတင်၊ အစိုးရရေတင် စသည့်ရေရရှိရေးနည်းလမ်းများအသုံးပြု၍ အတန်းစိုက်စနစ်၊ ကြဲပက်စနစ်များအပြင် ပေါင်ကြီးတင်စနစ်ဖြင့်ပါ ပြောင်းလဲစိုက်ပျိုးလာနိုင်သည်။

ပုံမှန်စိုက်နည်းစနစ်များအပြင် ပေါင်ကြီးတင်စိုက်နည်းစနစ်သည် မိုးနည်းရေရှားဒေသများတွင် မြေဆီလွှာအတွင်း အစိုဓာတ်ကို ထိထိရောက်ရောက် ထိန်းသိမ်းထားနိုင်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းပါက မိုးသည်းထန်မှုအပေါ် မြေတိုက်စားမှုကို ကာကွယ်ပေးနိုင်ခြင်း၊ ပေါင်စနစ်ကိုအခြေခံထားသဖြင့် ရေကိုစနစ်တကျထိန်းသိမ်းထားနိုင်ပြီး စိုက်ပျိုးပြုစုရာတွင် လွယ်ကူစေခြင်းနှင့် ရေသွင်းခြင်းလုပ်ငန်းများကို အလေအလွင့်မရှိ ထိရောက်စွာ စီမံနိုင်ခြင်း၊ ပေါင်းရှင်းလုပ်သားစရိတ် လျှော့ချနိုင်၍ တစ်ဧကကုန်ကျစရိတ်သက်သာနိုင်ကာ အမြတ်အစွန်းပိုမိုရရှိလာနိုင်သည့်အတွက် ပေါင်ကြီးတင်စနစ်ကို ယခုဘဏ္ဍာရေးနှစ်တွင် အကျိုးဆောင်တောင်သူများနှင့်အတူ စတင်စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ပြီး တစ်ဧကအကျိုးအမြတ်ပိုမိုရရှိပါက တောင်သူအားလုံး လိုက်ပါဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် သဘာဝကပေးထားသည့် စိုက်ပျိုးရေးဆိုင်ရာအခြေခံကောင်းများကို အသုံးချပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။


မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

**စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း**



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





**ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်**

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ကိုယ်တွေ့မြင်ရပုံ

ကျွန်ုပ်သည် အိမ်ရှေ့၌ တူးထားသည့် ကာကွယ်ရေးကျင်းထိပ်ဝ၌ ထိုင်လျက်ရှိစဉ် မြစ်ဘက်ဆီမှ ဗုံးအလုံးပေါင်း အမြောက်အမြားချသည့် အသံများကို ကြားရ၏။ မော်တာသံများလည်းကြားရ၏။ ယင်းဘက်သို့ ကြည့်နေစဉ် လေယာဉ်ပျံနှစ်စင်းထိမှန်ပြီး မီးလောင်ကျသွားခြင်းကို မြင်လိုက်ရ၏။ မကြာမီ လေယာဉ်ပျံ(ကျွန်ုပ်၏အထင်) ၅၀ ခန့်တို့သည် မြစ်ဘက်ဆီမှ ကျွန်ုပ်တို့ရှိရာသို့ တည့်တည့်ကြီးပျံလာကြခြင်းကိုမြင်ရ၏။ ဦးခေါင်းပေါ်သို့ရောက်ခါနီးတွင် ကျွန်ုပ်သည် ကျင်းထဲသို့ ခုန်ဆင်းရန်အကြံဖြစ်၏။ သို့သော် 'ဘာထူးသေးသလဲ'ဟု ကိုယ့်ကိုယ်ကိုယ်မေးပြီး ခုန်မဆင်းဘဲ ဆက်လက်၍ကြည့်နေ၏။ ကျွန်ုပ်တို့၏ဦးခေါင်းထက်သို့ ရောက်ခါနီးသောအခါ လေယာဉ်ပျံများသည် အရှေ့မှနေရောင်နှင့် ပန်းရသည်ဖြစ်၍ တပြောင်ပြောင်တလက်လက်ဖြစ်နေကြခြင်းကိုမြင်ရ၏။ ကျွန်ုပ်အာရုံစိုက်မိသည်ကား လေယာဉ်ပျံများမှ ဗုံးချသည်ဆိုလျှင် ကျွန်ုပ်မြင်နိုင်ရမည်ဆိုကာ ဗုံးများကို မျှော်ကြည့်နေ၏။ လေယာဉ်ပျံအုပ်သည် ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်သို့ တည့်တည့်ကြီးရောက်လာကတည်းက ကျွန်ုပ်တို့၏နေရာသို့ ရည်ရွယ်ချက်ထားပြီး ဗုံးများမချဟု ကျွန်ုပ်တွက်နိုင်၍ ကျွန်ုပ်တို့အတွက် စိတ်အေးသွားလေပြီ။ အကြောင်းမူကား ကျွန်ုပ်တို့၏နေရာသို့ကျမည့်ဗုံးဆိုလျှင် ကျွန်ုပ်အပေါ်တည့်တည့်သို့ လေယာဉ်ပျံမရောက်မီက ဖြုတ်ချရမည်ဟု ကျွန်ုပ်တွက်မိသောကြောင့်ပေတည်း။ လေယာဉ်ပျံများသည် ရန်ကုန်မြို့ပေါ်သို့ အုပ်စုနှစ်စုခွဲ၍ ပျံဝဲကြသည်ဆိုရာ ကျွန်ုပ်တို့၏ဦးခေါင်းထက်မှ အုပ်စုမှာ ၅၀ ခန့်ရှိလိမ့်မည်ထင်၏။ ဗုံးဖြုတ်ချခြင်းကိုမမြင်ရ၍ ကျွန်ုပ်တို့အတွက် စိတ်အေးလျက်ရှိစဉ် (ကျင်းထဲမှ လူများမူကား ဤအခြင်းအရာများကို ဘာမျှမသိနိုင်သဖြင့် ကုပ်၍သာကြောက်နေကြသည်။) တစ်ခဏ၌ ဂျပန်လေယာဉ်ပျံတစ်စင်းကို မော်တာထိမှန်သဖြင့် ထက်ပိုင်းပြတ်ကာ မီးလောင်ခြင်းကို ကျွန်ုပ်မြင်လိုက်ရသည်။ "လေယာဉ်ပျံတစ်စင်းကိုမှန်လို့ မီးလောင်ကျတယ်ဗျို့" ဟု ကျွန်ုပ်က ကျင်းထဲကလူများအား ပြောလိုက်ရာ ယောကျ်ားများက "ဟုတ်လားဗျို့"ဟု မေးဖော်ရသော်လည်း မိန်းမများကမူ "ကိုယ့်ဟာကိုယ် ကြည့်တော်မူပါ" ဟု ပြန်ပြောကြသည်။ မီးလောင်လျက်ရှိသော လေယာဉ်ပျံတစ်ခြမ်းသည် အနောက်ဘက်(စမ်းချောင်းဘက်)သို့ ထိုးကျသွား၍ ကျွန်ုပ်သည် ကျန်သောတစ်ခြမ်းကို ကောင်းကင်၌ ရှာလျက်ရှိစဉ် ဘောလုံးခန့်ရှိသည်ထင်ရသော အဖြူလုံးကလေးနှစ်လုံးကိုမြင်ရ၏။ နောက်တစ်ခဏ၌ ပျက်ကျသောလေယာဉ်ပျံမှ လေထီးဖြင့် ဆင်းလာသော လေသူရဲနှစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ်တွေးဆနိုင်သည်။ ဤသို့ဆိုလျှင် လေထီးကျမည့်နေရာသို့ အင်္ဂလိပ်စစ်သားများ လိုက်၍ဖမ်းကြလိမ့်မည်ဟု ကျွန်ုပ်တွေးထင်မိ၏။ သို့ရာတွင် မကြာမီ လေထီးနှစ်ခုအနီး၌ မီးခိုးလုံးများ ဖွေးခနဲဖွေးခနဲ ပေါ်လာခြင်းကိုမြင်ရ၍ မော်တာနှင့်ပစ်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တွေးနိုင်၏။ တချို့မီးခိုးလုံးများသည် လေထီးနှင့် ခပ်လှမ်းလှမ်းတွင်ပေါ်၍ တချို့ မှာ (ကျွန်ုပ်အထင်) အတော်နီးကပ်သည်ကိုတွေ့ရ၏။ အကြောင်းခြင်းရာကို ရိပ်မိသည်နှင့် တစ်ပြိုင်နက် စိတ်ကူးသမားတစ်ယောက်ဖြစ်သည့်အတိုင်း လေထီး၌ အပနေရသည့် လေသူရဲနှစ်ယောက်၏ဒုက္ခကို ကျွန်ုပ်သတိရသည်။ အကာအကွယ်လည်းမရှိ၊ ပြေးလည်းမပြေးနိုင်။ ပြုသမျှခံနေကြရလေ

> **"ဂျပန်လေယာဉ်ပျံများ ပြန်သွားသည့်နောက် များမကြာမီ ကိုခင်မောင်တင့်ရောက်လာ၍ ရန်ကုန်မြို့ကို နှစ်ယောက်သားလှည့်လည်ကြည့်ရှုကြ၏။ ဗုံးကျသောနေရာအမြောက်အမြားအနက် သူရိယတိုက်အနီး၌ကျသောတစ်လုံးကို အထူးမှတ်မိသည်။ ကျွန်ုပ်၏တွေးဆချက်အရ ဂျပန်လေယာဉ်ပျံများသည် မည်သည့်အဆောက်အအုံဟူ၍ ရည်ရွယ်သည့်လက္ခဏာမရှိ။ မြို့သူမြို့သားများ ထိတ်လန့်တုန်လှုပ်ပြီး စိတ်ဓာတ်ကျဆင်းစေရန်အတွက်မျှသာ ရည်ရွယ်ဟန်တူလေသည်. . ."**

သည်တကားဟူ၍ စဉ်းစားမိသည်။ များမကြာမီ လေသူရဲတစ်ယောက်အား မော်တာထိမှန်ခြင်းကိုမြင်လိုက်ရ၍ သူ၏ကိုယ်တစ်ပိုင်းမှာ လမ်းမတော်တိုက်တစ်လုံး၏ ကောင်းကင်မှန်ပေါက်မှ ထိုးဆင်းကျလာသည်ဟု နောင်တွင်ကြားလိုက်ရသည်။ ဤအဖြစ်အပျက်ကိုမြင်ရခြင်းသည် ကျွန်ုပ်အဖို့ ပထမအကြိမ်ဖြစ်သော်လည်း စွန့်စားရသောအန္တရာယ်နှင့် မြင်ရသောအတွေ့အကြုံသည် 'ထေ' မိသည်ဟုယူဆကာ နောင်ဗုံးကြဲခြင်းများကို ကြည့်မြဲကြည့်၍ ထိတ်လန့်တုန်လှုပ်ခြင်းလျော့ပါးသွားပါတော့သည်။ ကျွန်ုပ်မှာ သဘာဝအားဖြင့် သတ္တိကောင်းလှသူတစ်ယောက်မဟုတ်သော်လည်း ရိုက်ဒါဟက်ဂဒ်၊ ကိုနင်းဒွိုင်းလ်နှင့် တခြားများစွာသောစွန့်စားခန်းဝတ္ထုများကို ဖတ်ခဲ့ရဖူးခြင်းကြောင့် ကြောက်ရခြင်းကိုပင် အရသာတစ်မျိုးဟုယူဆရာ တဖြည်းဖြည်းအကြောက်လျော့လာခြင်းဖြစ်သည်ဟု ထင်မိပါသည်။

### ရွှတ်သောလူနှစ်ယောက်

ဂျပန်လေယာဉ်ပျံများ ပြန်သွားသည့်နောက် များမကြာမီ ကိုခင်မောင်တင့်ရောက်လာ၍ ရန်ကုန်မြို့ကို နှစ်ယောက်သား လှည့်လည်ကြည့်ရှုကြ၏။ ဗုံးကျသောနေရာအမြောက်အမြားအနက် သူရိယတိုက်အနီး၌ကျသောတစ်လုံးကို အထူးမှတ်မိသည်။ ကျွန်ုပ်၏ တွေးဆချက်အရ ဂျပန်လေယာဉ်ပျံများသည် မည်သည့်အဆောက်အအုံဟူ၍ ရည်ရွယ်သည့် လက္ခဏာမရှိ။ မြို့သူမြို့သားများ ထိတ်လန့်တုန်လှုပ်ပြီး စိတ်ဓာတ်ကျဆင်းစေရန်အတွက်မျှသာ ရည်ရွယ်ဟန်တူလေသည်။ အနစ်နာဆုံး ရပ်ကွက်မှာ ဗိုလ်တထောင်ရပ်ကွက်ဖြစ်လေရာ ထိုခေတ်သတင်းစာများ၏ ခန့်မှန်းချက်အရ စုစုပေါင်း လူ ၃၀၀၀ ကျော် သေသည်ဟု ဖော်ပြခြင်းကို ကျွန်ုပ်မှတ်မိသည်။ အရပ်သားများ၏ ခန့်မှန်းချက်မှုကား သောင်းချီ၍ပြောကြ၏။ သို့ရာတွင် ဆေးရုံများနှင့် သင်္ချိုင်းများက သက်သေခံလျက်ရှိရာ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်သည် ညနေခင်းတွင် ယင်းဌာနများသို့သွား၍ အကဲခတ်ကြသေး၏။ သတင်းစာများ၏ ခန့်မှန်းခြေမှာ မဆိုးလှဟုကျွန်ုပ်တို့ယူဆသည်။ ရန်ကုန်မြို့ ဗိုလ်တထောင်ရပ်ကွက်သည် အထူးသဖြင့် ကုလားကူလီ (ဂေါ်ရင်ဂျီ) ပေါများသောရပ်ကွက်ဖြစ်သောကြောင့် ကုလားသင်္ချိုင်းများမှာ အလောင်းချင်းထပ်၍ ပုံထားရခြင်းကို ကျွန်ုပ်တို့မြင်ခဲ့ရသည်။ ကျွန်ုပ်တို့နှစ်ယောက်သည် အလောင်းများကို မြင်ရလွန်းသဖြင့် အော်ဂလီဆန်မတတ်ရှိနေကြသော်လည်း 'ခပ်ရွှတ်ရွှတ်'လူနှစ်ယောက်ဖြစ်၍ အိမ်သို့မပြန်လိုသေးဘဲ ရမ်အရက်ဝယ်သောက်ပြီး သင်္ချိုင်းစုံအောင်လိုက်၍ကြည့်ကြသည်။ ကိုခင်မောင်တင့်သည် ခပ်ပုပုခပ်နုနုလူတစ်ယောက်ဖြစ်သော်လည်း 'ရွှတ်'သည့်နေရာတွင် မခေလှဟု ကျွန်ုပ်အသိအမှတ်ပြုလိုက်ရသည်။

### ဝါသနာတူသူနှစ်ယောက်

နောက်တစ်နေ့တွင်လည်း သူရိယတိုက်ပိတ်ထားသည်ဖြစ်၍ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်သည် ရန်ကုန်မြို့၌ ဗုံးချထားသည့်နေရာများကို အသေးစိတ် လိုက်၍ကြည့်ကြ၏။ ဗုံးများ၏ဒဏ်ရာဒဏ်ချက်ကို ပထမအကြိမ်မြင်တွေ့ရဖူးသည့် ကျွန်ုပ်တို့နှစ်ယောက်သည် ဘတ်စကားလည်းမရှိ၊ လန်ချားလည်းမရှိ၊ ကိုယ်ပိုင်ကားလည်းမရှိဘဲ သတင်းကြားရာ အရပ်များသို့ ခြေကျင်လျှောက်ကာ ရောက်အောင်သွားကြည့်ကြသည့် လုံ့လဝီရိယကား မသေးလှဟုဆိုသင့်သည်ထင်၏။ ကျွန်ုပ်တို့သည် သတင်းစာတိုက်သို့ သတင်းပေးရန်လည်း ရည်ရွယ်ချက်မရှိ။ ကျွန်ုပ်လည်း ယခုကဲ့သို့ မှတ်တမ်းရေးဖို့ ထိုစဉ်က အကြံမရှိပါဘဲလျက် တမင်သက်သက်ကြည့်လိုမြင်လိုသည့်ဇော (Curiosity)ဖြင့် လှည့်လည်ကြည့်ရှုကြခြင်းဖြစ်၍ ကျွန်ုပ်တို့နှစ်ယောက်သည် ဤအလုပ်မျိုးတွင် အတော်'ဖက်မိ'သည်ဟု ဆိုသင့်ပေသည်။ ကိုသိန်းဖေဆိုလျှင်ကား ဤမျှလောက် အပင်ပန်းခံလိမ့်မည်မဟုတ်။ အကယ်၍ သူပါအောင် ခေါ်ရလျှင်လည်း 'ရမ်' ဖိုး အတော်ကုန်ခံရပေလိမ့်မည်။ ယနေ့ လှည့်လည်ကြည့်ရှုရာတွင် ကျွန်ုပ်၏စိတ်ကိုအထိခိုက်ဆုံးသော အခြင်းအရာသည်ကား သိမ်ကြီးဈေးကြီးပင်ဖြစ်၏။ သိမ်ကြီးဈေးကြီးမှာ အခါခပ်သိမ်းကြိတ်ကြိတ်တိုးအောင် စည်ကားသောနေရာကြီးတစ်ခုဖြစ်ပါလျက် ကျွန်ုပ်တို့နှစ်ယောက် ခြေကျင်လျှောက်သွားကြသည့် နေ့ ၁၂ နာရီအချိန်ကြီးတွင် လူသူဆို၍ နှစ်ယောက်၊ သုံးယောက်မျှသာတွေ့ရပြီး ကျွန်ုပ်တို့နှစ်ယောက် လမ်းလျှောက်သွားသည့် ခြေသံများသည် ကျွန်ုပ်တို့အား ထိတ်လန့်စေမတတ် မြည်ဟိန်းဆူညံလျက်ရှိပါတော့သည်။ တောနက်ကြီးထဲ၌ တိတ်ဆိတ်ခြင်းသည် ကြောက်စရာကောင်းပါ၏။ သို့ရာတွင် စည်ကားလှသော မြို့ကြီးအလယ်၌ အစည်ကားဆုံးသော ဌာနတစ်ခုတွင် အစည်ကားဆုံးသောအချိန်အတွင်း တိတ်ဆိတ်ခြင်းကား (မကြုံရဖူးခြင်းအတွက်ကြောင့်) သာ၍ ထိတ်လန့်ဖွယ်ကောင်းလှသည်။ ဘိန်းစားတစ်ယောက်က 'နောင်ကြီးတို့လား'ဟု နောက်က မေးလိုက်သောအခါ ကျွန်ုပ်မှာ လန့်ခုန်မိမတတ် ထိတ်သွားမိ၏။ နောက်ဆုံး၌ ကျောက်မြောင်းဘက်သို့ပြန်လာကြ၍ ကွမ်းခြံဘူတာရုံအနီးရှိ သင်္ချိုင်းတစ်ခုတွင် လူစည်ကားနေခြင်းကိုမြင်သည်နှင့် ဝင်ကြည့်မိကြရာ ကုလားအလောင်း အပုပ်အသတ်၊ အကြီးအငယ်အရွယ်အစား အမျိုးမျိုး စုပုံထားခြင်းကိုမြင်ရ၏။

**ဆက်လက်ဖော်ပြပါမည်။**

## တိုက်ကြီးမြို့နယ်၌ (၆၇) ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော စာအောင်သံဃာတော်များအား အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် (၆၇) ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဇွန်လ ၁၀ ရက်တွင် တိုက်ကြီးမြို့ ပြည်လမ်း အိုးတန်းရပ်ကွက်ရှိ သာသနဝံ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် ဩဝါဒပရိသတ်များက တိုက်ကြီးမြို့နယ် သံဃနာယကဥက္ကဋ္ဌ ပြည်သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ အရှင်ပညာဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုက်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကြွရောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွှတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကျင်းပ

နေပြည်တော် ဇွန် ၁၀

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ကော်မတီဥက္ကဋ္ဌက ယနေ့အစည်းအဝေးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ၆ ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန်လ ၁၀ ရက်အထိ ချေးငွေများ ထုတ်ချေးထားရှိမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များကြောင့် ချေးငွေအရင်း၊ အတိုးဆိုင်းငံ့ပေးခဲ့မှုများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးနိုင်မှုအခြေအနေ၊ ချေးငွေများအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိရေး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေထုတ်ချေးရေးစာချုပ်ချုပ်ဆိုဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးချေးငွေများ ထုတ်ချေးနေမှုနှင့် စိုက်ပျိုးရေရရှိရေးစီမံကိန်းဆောင်ရွက်နေမှု၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးနိုင်မှုနှင့် ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးက (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက တင်ပြလာသော ချေးငွေသက်တမ်းတိုးမြှင့်ခွင့်ပြုရန်နှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ပြုရန်ကိစ္စရပ်များကို ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ကြိုးစားဆောင်ရွက်သွားကြရမည်

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လူငယ်နှင့်စာပေကဏ္ဍကို အထူးအလေးအနက်ထားပြီး လူငယ်များစာဖတ်ခြင်း အလေ့အကျင့်ဖြစ်စေရေးအတွက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် မှာကြားထားကြောင်း၊ မန္တလေးငလျင်အလွန်တွင် လူငယ်များပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် Grade-12 ပြန်လည်ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည့်အထောက်အပံ့များဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့သည် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍတွင် အလေးအနက်ထားသည်ကို သိရှိနိုင်ကြောင်း၊ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကိုအရှိန်အဟုန်မပြတ်ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ကိုယ်စား) အမြဲတမ်းအတွင်းဝန်က ၂၀၂၄ ခုနှစ်အတွင်း စာကြည့်တိုက်များဆောက်လုပ်ခဲ့မှုအခြေအနေ၊ ကော်မတီဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီအဖွဲ့ဝင်များက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးတို့အတွက် ပွဲတော်များဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူမှုရေးဝန်ကြီးများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုးနှင့်တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ငလျင်တုံ့ပြန်ဆောင်ရွက်မှုကွင်းဆင်းတွေ့ရှိချက်များကို ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်းကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်း

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှမန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို သွားရောက်ကွင်းဆင်းလေ့လာခဲ့သည့် ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်သုံးဦးက ယင်းတို့လေ့လာတွေ့ရှိချက်များ ပြန်လည်ရှင်းလင်းသည့် Debriefing Session ကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Best Western Green Hill Hotel တွင်ပြုလုပ်သည်။

အဆိုပါ Debriefing Session သို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ လက်ထောက်အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms.Nadia Khoury၊ ကိုရီးယားနိုင်ငံကြက်ခြေနီအသင်းမှ Mr. KIM Jae Ryu, Head of International Cooperation Team နှင့် Mr. KOO Young Pyo, Deputy Head, International Cooperation Team တို့ တက်ရောက်ကြသည်။

အဆိုပါ Debriefing Session တွင် ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်မည့် ငလျင်ပြန်လည်ထူထောင်ရေးအပိုင်းများတွင် နည်းပညာပိုင်းနှင့်တကွ ပူးပေါင်းပါဝင်မည့်အစီအစဉ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°င | / | ၃၃°င |
| ရန်ကုန် | ၂၅°င | / | ၃၂°င |
| မန္တလေး | ၂၇°င | / | ၃၅°င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော်  ဇွန် ၁၀

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့်နေပြည်တော် ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး တို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို အပတ်စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိရာ မေလ ၂၈ ရက်မှ  ဇွန်လ ၃ ရက်အထိ အခြေအနေကို  ၃-၆-၂၀၂၅ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဇွန်လ ၄ ရက်မှ ၁၀ ရက် အထိ ရက်သတ္တတစ်ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ နန်နင်းမြို့နှင့် Singapore Lotus Charity Society တို့မှ ထပ်မံပေးပို့လှူဒါန်းလာသော စားသောက်ကုန်၊ ဆေးနှင့် ဆေးပစ္စည်းများ အနက်ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လွှဲပြောင်းပေးခဲ့ပြီး  ကျန်စားသောက်ကုန်များကို ဆောလျင်စွာ ဆက်လက်ဖြန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်မှ  ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့  မော်တော်ယာဉ် ၆၄ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၂ စီး၊  ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ် ၁၂ စီး စုစုပေါင်းတန်ချိန် ၂၄၂၇ ခန့်ဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ၄-၆-၂၀၂၅ ရက်မှ  ၁၀-၆-၂၀၂၅ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့်ပစ္စည်းများအား ဘေးသင့်ပြည်သူများ အတွက်ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။

ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများ ရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံး ရောက်ရှိဖြန့်ခွဲမှုတို့ကို ၁ ပတ်လျှင် ၁ ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြဝတီ



အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်း လှူဒါန်းပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုကို တွေ့ရစဉ်။



နေပြည်တော် ကောင်စီနယ်မြေအတွင်း လှူဒါန်းပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုကို တွေ့ရစဉ်။



တရုတ်နိုင်ငံ နန်နင်းမြို့မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုကို တွေ့ရစဉ်။

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်

(၃၀-၃-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | ၁၄၅၈၈ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၄၈ | ၄၆၀၂ | |
| ၂ | တာပေါ်လင်/ မိုးကာစ မျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၂၃ | ၄ | ၂၅ | ၁၄၉၇ | - | ၅၁၄ | ၆၈၃ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၄၂၈ | - | ၁၅၆ | ၁၂ | | ၉၆၀ | ၁၃၀၀ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၇၄ | ၁၈၂ | ၂၅၇ | ၁၆ | ၁၉ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်း မျိုးစုံ | မျိုး | ၁၀၀ | ၂၇ | ၄၇ | ၂၀ | ၆ | - | - | |
| | | ဖာ | ၁၉၄၂၃ | ၉၈၆၆ | ၇၅၅၂ | ၁၃၅၅ | ၄၃၄ | ၈၆ | ၁၃၀ | |
| | | အိတ် | ၃၃၅ | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | - | - | |
| ၉ | လူသုံးကုန်ပစ္စည်း မျိုးစုံ | မျိုး | ၈၉ | ၂၅ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၄၅၈၃ | ၁၀၉၄ | ၂၃၇၁ | ၉၆၅ | ၁၂၀ | ၃၃ | - | |
| | | ထုပ် | ၁၈၁၃ | ၇၀၂ | ၉၆၉ | ၇၅ | ၆၇ | - | - | |
| | | ခု | ၁၆၆၄ | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | ၇၃ | ၃၃ | ၃၀ | ၅ | ၅ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၁၂၀ | ၄၈ | ၄၉ | ၁၁ | ၁၀ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၄၁ | ၁၃၃ | ၁၇၉ | ၁၆ | ၁၃ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၉၆၆ | ၂၆ | - | - | - | ၁၉၄၀ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံး ပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

စာမျက်နှာ ၇ သို့ ⊃

၁ စာမျက်နှာ ၆ မှအဆက်

**အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**

**(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဗာ | **၄၈** | - | - | - | - | ၄၈ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

**ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**

**(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဗာ | **၇၈** | - | - | - | - | ၇၈ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

**မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**

**(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဗာ | **၁၃** | - | - | - | - | ၁၃ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**

**(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်း | ဗာ | **၁၀၀** | - | - | - | - | - | **၁၀၀** | ဆက်လက်ဖြန့်ခွဲပါမည်။ |

**Singapore Lotus Charity Society မှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**

**(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်း | ဗာ | **၃၀** | - | - | - | - | - | **၃၀** | ဆက်လက်ဖြန့်ခွဲပါမည်။ |

# အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်ကအာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉)ရက်မှစတင်၍ မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့်ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှအသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက်ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှမွေးမြူရန်၊


(ည) ပြည်ပမှတရားမဝင်တင်သွင်းလာသောဝက်အရှင်နှင့်ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့်အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့်အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှကာကွယ်ရန်၊

(ဌ) တောဝက်နှင့်အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစုံစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



# ကောက်ညှင်း ဆန်စေးနှင့်မတည့်သော ဆီးချိုရောဂါ

ဆီးချို၊ သွေးချိုရောဂါကို မွေးရာပါသို့မဟုတ် မျိုးရိုးကြောင့်ဖြစ်သော အမျိုးအစား (၁) ဆီးချိုရောဂါနှင့် မျိုးရိုးကြောင့်မဟုတ်ဘဲ အစားအသောက်၊ အနေအထိုင်မှားယွင်းမှုကြောင့် အသက်ကြီးမှဖြစ်သည့် အမျိုးအစား(၂) ဆီးချိုရောဂါဟု ဆေးပညာရှင်များက သတ်မှတ်ကြသည်။

လူတို့စားသုံးကြသည့် ရသာခြောက်ပါးတွင် ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန်ဟုရှိရာ မျှတအောင်စားရမည်။ ရသာခြောက်ပါးစုံအောင်စားလျှင်၊ မျှတအောင်စားလျှင် ရောဂါကင်းပြီး ဓာတ်ကြီးလေးပါးညီမျှသည်ဟု ဆိုသည်။ ရသာတစ်မျိုးမျိုးကို လွန်ကဲအောင်စားလျှင် ရောဂါရတတ်သည်။ အစပ်စားဖန်များလျှင် မျက်စိရောဂါ၊ အငန်စားဖန်များလျှင် သွေးတိုးနှင့် ကျောက်ကပ်ရောဂါ၊ အချဉ်အစားများလျှင် လေပွလေပျက်ရောဂါ၊ အဖန်အစားများလျှင် လေချုပ်သွေးချုပ်ရောဂါနှင့် အချိုကြိုက်ပြီး လွန်ကဲအောင်စားသူများမှာ ဆီးချို၊ သွေးချိုရောဂါများဖြစ်နိုင်သည်။

ဆီးချိုဖြစ်ပြီဆိုသည်နှင့် ဆရာဝန်များက ထမင်းကို တတ်နိုင်သမျှ လျှော့စားခိုင်းသည်။ အသားနှင့် အသီးအရွက်တို့ကိုစားရန် ညွှန်ကြားလေ့ရှိသည်။ မြန်မာလူမျိုးများမှာ ထမင်းမစားရလျှင် မတင်းတိမ်သော လူမျိုးဖြစ်ကြသည်။ ခေါက်ဆွဲ၊ ပေါက်စီ စသောအစားအစာများမှာ စားနေကျမဟုတ်သည့်အတွက် ထမင်းကိုသာ အဓိကစားကြသည်။

အရှေ့တိုင်းသားများ အထူးသဖြင့် အာရှတိုက်သားအားလုံးသည် ထမင်းစားကြသည်။ လျှပ်စစ်မီးဖြင့် ချက်ပြုတ်သူများမှာ ဆန်ကို ပေါင်းအိုးဖြင့် ချက်သဖြင့် ဖွဲနုမှထွက်သောအာဟာရနှင့် ကစီဓာတ်ပိုရသည်ဟုဆိုသည်။ အမှန်မှာ ရေခန်းချက်သောထမင်းကြောင့် ဆီးချိုပို၍ တက်နိုင်ခြေရှိသည်။

တောရွာများတွင် ထမင်းပေါင်းအိုး မသုံးတတ်ကြပါ။ ဆန်ကို ရေနှစ်ထပ်၊ သုံးထပ် စင်အောင်ဆေးပြီးမှချက်သည်။ ပြီးလျှင် ထမင်းရည်ကိုငှဲ့ပြီး သွန်ပစ်သည်။ ဤအတွက်ကြောင့် ထမင်းရည်တွင် အာဟာရဓာတ်နှင့် ကစီဓာတ်များစွာ ပါသွားသည်ဆိုသော်လည်း ရေရှည်တွင် ဆီးချို၊ သွေးချိုရောဂါဖြစ်နိုင်ခြေနည်းပါးသည်။ ကျေးလက်တောရွာနေသူများ၊ ထမင်းရည်ငှဲ့ချက်သူများတွင် ဆီးချိုဖြစ်ပွားမှုနည်းပါးသည်ကို သတိပြုမိနိုင်ပေသည်။

ထမင်းထက်ဆိုးသည်မှာ ကောက်ညှင်းနှင့် ဆန်စေး (တချို့က ရှမ်းဆန်ဟုခေါ်သည်) ပင်ဖြစ်သည်။ စေးကပ်သော ကောက်ညှင်းသည် ထမင်းထက်ပို၍ ဆီးချိုရောဂါဖြစ်နိုင်သည်။ ဆန်အမျိုးမျိုးရှိရာ ညှော်မထ၊ တောင်ပြန်၊ လုံးသွယ်မွှေး စသောဆန်များသည် အဆီ၊ အစေးဓာတ်ပိုများသဖြင့် ဆီးချိုရောဂါရှိသူများနှင့် လုံးဝမသင့်လျော်ပေ။ ဆီးချိုရောဂါကို ကြိုတင်ရှောင်ရှားလိုလျှင် မစားသင့်သောဆန်မှာ ထမင်းချက်ပြီးလျှင် ထမင်းစေ့ချင်း ပူးကပ်မနေသောဆန်မျိုးဖြစ်သည်။ စေးကပ်နေသောထမင်းသည် သိနိဒ္ဓခေါ် သွေးလေးစေသည့် ဓာတ်ပါရှိသည်၊ ရှောင်ကြဉ်အပ်သည်ဟု ဆေးကျမ်းများကဆိုသည်။

**"ထမင်းထက်ဆိုးသည်မှာ ကောက်ညှင်းနှင့် ဆန်စေး (တချို့က ရှမ်းဆန်ဟုခေါ်သည်) ပင်ဖြစ်သည်။ စေးကပ်သော ကောက်ညှင်းသည် ထမင်းထက်ပို၍ ဆီးချိုရောဂါ ဖြစ်နိုင်သည်။ ဆန်အမျိုးမျိုးရှိရာ ညှော်မထ၊ တောင်ပြန်၊ လုံးသွယ်မွှေး စသောဆန်များသည် အဆီ၊ အစေးဓာတ်ပိုများသဖြင့် ဆီးချိုရောဂါရှိသူများနှင့် လုံးဝမသင့်လျော်ပေ။ ဆီးချိုရောဂါကို ကြိုတင်ရှောင်ရှားလိုလျှင် မစားသင့်သောဆန်မှာ ထမင်းချက်ပြီးလျှင် ထမင်းစေ့ချင်း ပူးကပ်မနေသောဆန်မျိုးဖြစ်သည်. . ."**

အဆီ၊ အစေးရှိသောအစာသည် အစာကြေခဲသည်။ ရောဂါမှန်သမျှ အစာမကြေခြင်းကစသည် ဟူသောစကားကြောင့် ကြေခဲသောအစာများကို ရှောင်ကြဉ်သင့်ပေသည်။ အမျိုးအစား(၂) ဆီးချိုရောဂါဟုခေါ်သော အသက် ၅၀ ဝန်းကျင်မှဖြစ်သည့် ဆီးချိုရောဂါသည်များအနေဖြင့် အစေးဓာတ်ကင်းသောဆန်ကို ရွေးချယ်စားသုံးသင့်သည်။ ထမင်းချက်လျှင် ပေါင်းအိုးဖြင့်မချက်ဘဲ မြန်မာ့ရိုးရာရှေးနည်းအတိုင်း ထမင်းရည်ငှဲ့ချက်ပါ။

ရှေးလူကြီးများသည် မြေအိုးဖြင့် ထမင်းချက်သည်။ ဆူပွက်လာသောအခါ ထမင်းရည်ကိုငှဲ့ပြီး တချို့က အဆာခံ အာဟာရအဖြစ်သောက်သည်။ တချို့က အိမ်မွေးတိရစ္ဆာန် ခွေး၊ ဝက်များအတွက် အစာခွက်ဖြင့် ထည့်ကျွေးသည်။ ထမင်းရည်ကို အလဟဿ သွန်မပစ်ကြပါ။ မြေအိုးဖြင့်ချက်သောထမင်းတွင် စလောင်းဖုံးအချွန်ထိ စူတက်နေသောထမင်းကို ဦးပေါင်းဟု ခေါ်သည်။ ထမင်းဦးပေါင်းကို အမြတ်တနိုးခူးယူပြီး ဆွမ်းတော်တင်လေ့ရှိသည်။ ရှေးက ထမင်းချက်နည်းသည် ဆီးချိုရောဂါဘေးကင်းဝေးစေသော နည်းကောင်းဖြစ်နိုင်ပေသည်။ ကောက်ညှင်းဖြင့်ပြုလုပ်ရသော မြန်မာ့ရိုးရာအစားအစာမုန့်များ ပြုလုပ်သောအခါ ဆန်ကြမ်းရောပြီး ပြုလုပ်လေ့ရှိကြသည်။

ဆီးချို၊ သွေးချိုရောဂါသည် အစားရှောင်ရသောရောဂါဖြစ်သည်။ ထမင်းကို အဓိကစားကြသော မြန်မာလူမျိုးများအဖို့ အကြံပေးလိုသည်မှာ ဆန်ကြမ်းကို မစားနိုင်သည့်တိုင် ရွှေဘိုမနော်၊ မဂျမ်းတော၊ မစောရှုတ်၊ မနောသုခ စသည့် အစေးဓာတ်နည်းသည့် ဆန်အမျိုးအစားကို ရွေးချယ်စားသုံးသင့်သည်။ ကောက်ညှင်းဆန်၊ ကောက်ညှင်းပေါင်း၊ ကောက်ညှင်းဖြင့်ပြုလုပ်သောမုန့်များကို လုံးဝရှောင်ကြဉ်သင့်သည်။

## ဆီးချိုသမား ဓာတ်စာမမှားစေလို

ဆီးချိုရောဂါကိုကာကွယ်ရန် အခါးဓာတ်ကိုစားပေးရမည်ဟု တချို့က ယုံကြည်နေကြသည်။ ကြက်ဟင်းခါးသီး၊ သပွတ်ခါးသီး၊ တဖောင်းခါးသီး၊ (ရှားစောင်း)၊ ကြောင်လျှာသီးများစားပေးလျှင် ဆီးချိုကျမည်ထင်ပြီး ဓာတ်စာအဖြစ်စားသုံးကြသည်ကို တွေ့ရသည်။ မကြာသေးမီက မိတ်ဆွေတစ်ဦးသည် ကြက်ဟင်းခါးသီးချက်နှင့် တဖောင်းခါးသီး(ရှားစောင်း)ချက်စားပြီးနောက် သွေးတက်ကာ ပြင်ပဆေးရုံတစ်ခု၌ အရေးပေါ်ကုသလိုက်ရသည်။ ထိုသူတွင် မူလဆီးချိုအခံလည်း ရှိသည်။ ဆီးချိုသက်သာစေရန် အခါးများများစားရာမှ သွေးတိုးသွားခြင်း ဖြစ်နိုင်သည်။

ရောဂါမှန်သမျှတွင် အစားအသောက်ကို အဆင်ခြင်ရဆုံးသောရောဂါမှာ ဆီးချို၊ သွေးချိုရောဂါပင်ဖြစ်သည်။ အစားမှား၍ ဆီးချိုအမြင့်ဆုံးတက်လျှင် သတိလစ်ခြင်း၊ လေဖြတ်ခြင်းအပြင် မျက်စိကွယ်ခြင်းပါဖြစ်နိုင်သည်။ ဆီးချိုသမားတချို့သည် အစာမစားမိ၊ တချို့သည် အစာစားပြီး ချက်ချင်းဆီးချိုထိန်းဆေးသောက်ရသည်။ တချို့မှာ ဆေးထိုးရသည်။ ဆီးချို၊ သွေးချိုပြီးလျှင် နှလုံးနှင့် သွေးတိုးရောဂါမှာ နောက်ဆက်တွဲပါလာစမြဲပင် ဖြစ်သည်။

ဆီးချိုသမားသည် ထမင်းများများ မစားရ။ ထမင်းတွင် ကစီဓာတ်များစွာ ပါသဖြင့် အချိုဓာတ်အဖြစ်ပြောင်းကာ ဆီးချိုတက်စေသည်ဆိုသော်လည်း ထမင်းနှင့် အချိုကို လုံးဝရှောင်၍လည်း မဖြစ်ပေ။ သွေးထဲတွင် သကြားဓာတ်ရှိသင့်သည်ထက် နည်းသွားလျှင် မူးလဲ၊ သတိလစ်တတ်သည်။ ဆီးချိုအလွန်အမင်းကျသွားလျှင် အသက်အန္တရာယ်ရှိတတ်သည်။ မူးလျှင် ချက်ချင်း အချို၊ သကြားကို ကျွေးရသည်။ အသက်ရှည်ရှည်နေလိုလျှင် သတိအမြဲထားရမည့်ရောဂါဖြစ်သည်။

ရသာခြောက်ပါးတွင် အချိုဓာတ်သည် ပထဝီဓာတ်နှင့် အာပေါဓာတ်နှစ်မျိုး ပေါင်းစပ်ထားသောအရာဖြစ်သည်။ အချိုဓာတ်၊ အငန်ဓာတ်တို့သည် မိတ်ဓာတ်များဖြစ်သဖြင့် ဝမ်းထဲရောက်ပြီး ပေါင်းဆုံမိလျှင် အစာကြေကျက်သောအခါ အားလုံးအချိုဓာတ်ဖြစ်သွားသည်။ ထို့ကြောင့် ဆီးချိုသမားသည် အချိုသာမက အငန်ပါရှောင်ရမည်ဖြစ်သည်။ အချိုရှောင်ပြီး အငန်စားလျှင်လည်း ဆီးချိုတက်လာနိုင်သည်။

စပ်၊ ဖန်၊ ခါး ရသာသုံးမျိုး ဝမ်းထဲရောက်၍ အစာကြေကျက်ပြီးသောအခါ အတူတူပင်ဖြစ်သည်ဟုဆိုသည်။ အားလုံး အစပ်ဓာတ်ဖြင့် အဆုံးသတ်သည်။ အားလုံးအစပ်ဖြစ်သွားသည်ဟုဆိုသည်။ ထိုဓာတ်သုံးပါးသည် အချိုနှင့်အငန်ကို ဖျက်ပစ်နိုင်သဖြင့် ဆီးချိုသမားများနှင့် တည့်သောဓာတ်စာဖြစ်သည်။ သို့သော် လေကိုပွားစေ၊ တိုးစေသောအစာများဖြစ်သဖြင့် ဆီးချိုသမားများတွင် သွေးတိုးအခံရှိလျှင် သွေးတိုးလာနိုင်သည်ကို သတိထားရပေမည်။ စပ်၊ ဖန်၊ ခါး လေကိုပွားဟု အဆိုရှိသည်။ တချို့သည် အစပ်စားပြီး ချက်ချင်းလေပွားကာ လည်ချောင်းအဝင်ပေါက်မှ ကြို့ထိုးလာသည်ကို တွေ့ရသည်။

ရှေးက အာယုဗ္ဗေဒကျမ်းများ၏အလိုမှာ အချိုကို အခါးက မဖြေနိုင်၊ အစပ်ကသာ ဖြေနိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် ဆီးချိုရောဂါကြောက်လျှင် အခါးစားပြီး ဓာတ်အားဖြင့် မဖြေနိုင်ပေ။ အစပ်များများစားမှသာ ဓာတ်သဘောအရ ဖြေနိုင်မည်ဖြစ်သည်။ ရသာခြောက်ပါး၏ အဖြေဓာတ်များမှာ ချို-စပ်၊ ချဉ်-ဖန်၊ ခါး-အငန် မှတ်ရန်အဖြေဓာတ်ဟု အဆိုရှိသည်။ အချဉ်ကို အဖန်ဖြင့် ဖြေ၊ အခါးကို အငန်ဖြင့်ဖြေရမည်ဟု ဆိုသည်။

အာယုဗ္ဗေဒဆေးပညာအရ အစပ်မှာ ငရုတ်သီးတစ်မျိုးတည်း မဟုတ်ပေ။ ဟင်းခတ်အမွှေးအကြိုင်အဖြစ် သုံးစွဲကြသော ငရုတ်ကောင်း၊ ပိတ်ချင်းနှင့် ချင်းတို့လည်းပါဝင်သည်။ အစပ်များများစားခြင်းဖြင့် ဆီးချိုရောဂါကို ကာကွယ်နိုင်သည်ဟု ယူဆရပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ကြည်လွင်မြင့်(မုဒြာ)

# ဓနုဖြူမြို့နယ်၌ မိုးရာသီကာလ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လက်တွေ့သရုပ်ပြ


ဓနုဖြူ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ မိုးရာသီကာလ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် လက်တွေ့သရုပ်ပြမှုကို ဇွန်လ ၁၀ ရက်တွင် တာမိုင် (၄၆/၃) မရမ်းချောင်းရေကင်းစခန်း၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးရဲထွန်းက မိုးတွင်းကာလတွင် တွေ့ကြုံရတတ်သော ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်သတိပြုရမည့်အချက်များ၊ ကာကွယ်ရန်နည်းလမ်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ရေပေါက်(ထူးပေါက်) ပေါက်ခြင်းနှင့် သဲဗွက်ထခြင်းအတွက် ရေခွေ ခွေခြင်း၊ တာတမံရေကျော်ခြင်းအတွက် တာထိပ်ဆင့်ခြင်း၊ တာအိ၊ တာလျှော့ခြင်း၊ လှိုင်းပုတ်ခြင်း၊ ကမ်းပြိုခြင်း၊ ရေစိမ့်ခြင်းတို့အတွက် ကာကွယ်မှုနည်းစနစ်များကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြစ်ကမ်းအနီးရှိ ကျေးရွာများမှ ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ် မေလအတွင်း (၁၆-၅-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထု အရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | | | | | | |
| | ၃ | International Business Center (IBC)၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင် သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | လက်ခံနိုင် သော | ကောင်းမွန် | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | မွန်ပြည်နယ် | | | | | | | |
| | ၁ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း(Air Quality Index–AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့်နေရာအနီး ဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃ ဖြင့် လှူဒါန်းသောဆန်များ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁၀

နေပြည်တော်ကောင်စီနယ်မြေရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်–၃ ဖြင့် ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လှူဒါန်းသော ဆန်တန်ချိန် ၁၆၁၀ တန်ကို စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် နေပြည်တော်ကောင်စီသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ ဒုတိယဝန်ကြီးက APTERR အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး APTERR အတွင်းရေးမှူးချုပ် Dr. Choomjet Karnjanakesorn၊ ကိုရီးယားနိုင်ငံသံရုံးကိုယ်စားလှယ်နှင့် တရုတ်နိုင်ငံသံရုံး အတိုင်ပင်ခံ Mr. Ouyangdaobing တို့က လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လှူဒါန်းသည့်ဆန်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ပြီး APTERR အတွင်းရေးမှူးချုပ်၊ ကိုရီးယားနိုင်ငံသံရုံးကိုယ်စားလှယ်နှင့် တရုတ်နိုင်ငံသံရုံးအတိုင်ပင်ခံတို့က ငလျင်ဘေးသင့်ပြည်သူများထံ ဆန်အိတ်များ လွှဲပြောင်းပေးအပ်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်သည်။




အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ APTERR အတွင်းရေးမှူးချုပ်၊ ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ငလျင်ဘေးသင့်ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

**ထူးခြားသည့် နေ့အပူချိန်များ**

၁၀-၆-၂၀၂၅

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | |
| မြင်းမူ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# မင်းဘူးမြို့၌ ဧရာဝတီမြစ်ရေ သိသိသာသာတိုးမြင့်နေ



မင်းဘူး ဇွန် ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ယခုရက်ပိုင်းတွင် ဧရာဝတီမြစ်ရေ သိသိသာသာတိုးမြင့်လျက်ရှိပြီး ဇွန်လ ၁၀ ရက်နံနက် ၆ နာရီခွဲတွင် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေအမှတ်သည် ၁၃၆၂ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း မြို့နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း၌ ပြီးခဲ့သည့်မေလနောက်ဆုံးပတ်တွင်သာ မိုးများစွာရွာသွန်းခဲ့ပြီး ယခုရက်ပိုင်းတွင် မိုးရွာသွန်းခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံအထက်ပိုင်းရှိ ဒေသများ၌ မိုးများစွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် မြစ်ရေတဖြည်းဖြည်းတိုးမြင့်လာပြီး အလယ်ပိုင်းဒေသများကိုဖြတ်သန်းစီးဆင်းလျက်ရှိကြောင်း၊ ဧရာဝတီမြစ်ရေနှင့်ပတ်သက်ပြီး မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကို အပတ်စဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်စရာအခြေအနေသို့မရောက်ရှိသေးသော်လည်း မြစ်ကမ်းဘေးနှင့် မန်းချောင်းတစ်လျှောက် မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်လျက်ရှိသော ပြည်သူများအနေဖြင့် သတိပြုသွားလာနေထိုင်ရန်လိုအပ်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်ကပြောသည်။

မင်းဘူး(စကု)မြို့နယ်တွင် ဧရာဝတီမြစ်စိုးရိမ်ရေအမှတ်သည် ၁၇၀၀ စင်တီမီတာဖြစ်ပြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ၁၃၆၂ စင်တီမီတာသို့ရောက်ရှိနေပြီဖြစ်ကာ စိုးရိမ်ရေအမှတ်ကို ရောက်ရှိရန် ၃၃၈ စင်တီမီတာသာလိုတော့ကြောင်း၊ မြစ်ရေအမှတ် ၁၆၅၀ စင်တီမီတာ ဝန်းကျင်ရောက်မှသာ မြို့နယ်အတွင်းရှိ မြေနိမ့်ပိုင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ဧရာဝတီမြစ်ရေ စတင်ဝင်ရောက်လေ့ရှိကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

# ဘာ့ကြောင့် သိလား

❖ လူနဲ့လူ
တူတူပဲပေါ့။
ပုရွက်ငယ် ကိုက်တွယ်လတ်တောင်
နာတတ်တာပေါ့။

❖ လူနဲ့လူ
တူတူပဲပေါ့။
ခွဲရက်ကြာ ဝေးကွာလှမ်းတော့
လွမ်းတတ်တာပေါ့။

❖ ဒါပေမဲ့ ဒီလူလေ…
မိုင်းကွင်းတွေ ကျည်တွေကြား
ဖြတ်သွားလို့နေ။
ကြင်ဖော်မဲ့ ခရီးနှင်ပေ
ကာလရှည် ကမ္ဘာခြား။
တွေးမပူ အယူဖြောင့်
ဘာ့ကြောင့်သိလား။

(တပ်မတော်သားတို့၏ ယုံကြည်ချက်၊ ခံယူချက်ကို ဂုဏ်ပြုလျက်)

**ကို(တက္ကသိုလ်)**

# သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထယ်ထိုးထည့်သွင်းခြင်း ကွင်းသရုပ်ပြ

ကျွန်းလှ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မန်ကျည်းအင်းကျေးရွာရှိ တောင်သူ ဦးသန်းထွန်းဦး၏ လယ်မြေ၌ ဇွန်လ ၁၀ ရက်နံနက်ပိုင်းတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထယ်ထိုးထည့်သွင်းခြင်း သရုပ်ပြပွဲဆောင်ရွက်သည်။

ရှေးဦးစွာ ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြိုင်နှင့် တာဝန်ရှိသူတို့က သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးပြီး ထယ်ထိုးမြှုပ်နှံရမည့် အသင့်လျော်ဆုံး အချိန်ကာလနှင့် ရရှိနိုင်သောအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)များ လက်တွေ့ထယ်ထိုးထည့်သွင်း သရုပ်ပြသခြင်းကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများ၊ ဒေသခံတောင်သူများ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



# ရာဂီမုန်တိုင်းကြောင့်ထိခိုက်ပျက်စီးခဲ့သော စပါးနှင့်အခြားသီးနှံဧကများအတွက်ပံ့ပိုးငွေပေးအပ်

ရွာငံ ဇွန် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်အတွင်း ၂၀၂၄ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ရာဂီမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သော စပါးနှင့်အခြားသီးနှံဧကများအတွက် ပံ့ပိုးငွေပေးအပ်ပွဲအခမ်းအနားကို ဇွန်လ ၉ ရက် နံနက်ပိုင်းက ဗထူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က ရွာငံမြို့နယ်သည် စိုက်ပျိုးရေးကိုအခြေခံပြီး စီးပွားရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိကြရာ ဆန်၊ ဆီ ဖူလုံမှုသည် ဒေသတစ်ခုအတွက်အလွန်အရေးကြီးသောကြောင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးနည်းပုံစံ၊ စနစ်များကို လိုက်ပါဆောင်ရွက်ရေးပြောကြားသည်။

ဆက်လက်၍ ဆည်ရွာကျေးရွာအုပ်စုရှိ ထိခိုက်ပျက်စီးခဲ့သော စပါးနှင့်အခြားသီးနှံ ၂၁၆ ဧကအတွက် ပံ့ပိုးငွေကျပ် ၂၁၆၀၀၀၀၀ ကိုလည်းကောင်း၊ မြို့ကြီးကျေးရွာအုပ်စုရှိ ပျက်စီးဧရိယာ ၁၃၉ ဧကအတွက် ပံ့ပိုးငွေကျပ် ၁၃၉၀၀၀၀၀ ကိုလည်းကောင်း၊ ကျောက်ငှက်ကျေးရွာအုပ်စုရှိပျက်စီးဧရိယာ ၁၄ ဧကအတွက် ပံ့ပိုးငွေကျပ် ၁၄၀၀၀၀၀ ကိုလည်းကောင်း၊ မြင်းကျဒိုးကျေးရွာအုပ်စုရှိ ပျက်စီးဧရိယာ ၁၃ ဧကအတွက် ပံ့ပိုးငွေကျပ် ၁၃၀၀၀၀၀ ကိုလည်းကောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ရာ တောင်သူများက လက်ခံရယူကြကြောင်း သိရသည်။ (၄၀၅)

# KBT ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကျင်းပ

သထုံ ဇွန် ၁၀

မွန်ပြည်နယ် သထုံမြို့နယ် မြေနီကုန်းကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်ယာမြေ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ မိုးစပါးရာသီ KBT ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ဇွန်လ ၁၀ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ကွင်းသရုပ်ပြသခြင်းကို မြေနီကုန်းကျေးရွာရှိ တောင်သူ ဦးသာဆန်း၏ ပေါ်ဆန်းရင်စပါးစိုက်ခင်း၌ဆောင်ရွက်ရာ သထုံခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ခန့်ကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ခြောက်တန်းသွားကောက်စိုက်စက်ဖြင့်စိုက်ပျိုးရာမှ ရရှိမည့်အကျိုးကျေးဇူးများ၊ လိုအပ်သည့်နည်းပညာပံ့ပိုးပေးနိုင်မှုများကို ရှင်းလင်းပြောကြားကာ လိုအပ်သည်တို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၁-၆-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

## MWD Education, Knowledge & Sports Channel

၁၁-၆-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀-၀၈:၂၅ | Grade – 7 | မြန်မာစာ အပိုင်း(၁/၂)၊ အင်္ဂလိပ်စာ Unit(1) |
| ၂။ | ၁၅:၃၀-၁၈:၂၆ | Grade – 7 | အင်္ဂလိပ်စာ Unit(2)၊ သင်္ချာ(၁) အခန်း(၁/၂) |
| ၃။ | ၁၈:၂၆-၁၉:၂၂ | Grade – 7 | သင်္ချာ(၂) အခန်း(၁)၊ ပထဝီဝင် အခန်း(၁/၂/၃/၄/၅) |
| ၄။ | ၁၉:၂၂-၂၀:၂၅ | Grade – 7 | သမိုင်း အခန်း(၁/၂)၊ သိပ္ပံ အခန်း(၁/၂) |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၆-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၄။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၅။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၆။ | ၁၅:၀၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၇။ | ၁၇:၀၀ | မြန်မာသံစဉ်ချိုနားဝင် သီချင်းလက်ဆောင် |
| ၈။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၉။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ သာမဏာနဋ္ဌဒသသန်** |
| ၁၀။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

မေတ္တာကန်ပတ်လည်၌ အရိပ်ရအပင်များကို အတန်းလိုက်၊ အကန့်လိုက် စိုက်ပျိုးသွားရန်၊ ဘုရားစေတီများရှိ စောင်းတန်းများတွင် ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာဖြင့် နားနေနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်မြတ်ကြီးအတွက် ဘက်စုံစုပေါင်းအလှူတော်ငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ဘုရား၊ စေတီပုထိုးများပြုပြင်ရေးလုပ်ငန်းများတွင်အသုံးပြုရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက**

**ဘိလပ်မြေတန်ချိန် ၁၅၀၀ လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်သီတဂူဝိပဿနာကျောင်းတိုက်သို့ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေတန်ချိန် ၁၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အား ငလျင်သဘာဝဘေးကြောင့်အသက်ခန္ဓာဆုံးရှုံးခဲ့ရသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြည်သူအပေါင်းတို့ရရှိစေရန် အမျှပေးဝေကြသည်။ **စာမျက်နှာ ၁၂ သို့** ★







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမြတ်မုနိဘုရားကြီးနှင့်သာသနိကအဆောက်အဦများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့်ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက စစ်ကိုင်းတံတား(အင်း၀) ခုံးအမှတ်(၄)နှင့်(၅) အပျက်အစီးများကို ဖယ်ရှားရှင်းလင်း၍ ရေလမ်းကြောင်းဖွင့်လှစ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဧရာဝတီတံတား(ရတနာပုံ)တွင် Lateral Bracing , Bearing နှင့် Pier တိုင်များ ပျက်စီးသည့်အခြေအနေများကိုရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိရုပ်ရှင်တော်မြတ်အား ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် ရွှေသင်္ကန်းတော်နှင့် ရွှေပလ္လင်တော်ကပ်လှူပူဇော်ထားရှိမှုအားကြည့်ရှုစဉ်။

☆ **စာမျက်နှာ ၁၁ မှအဆက်**

**ဆွမ်းဦးပုညရှင်စေတီတော်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော်သို့ ရောက်ရှိကြပြီး ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဓမ္မာရုံ၌ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး သမိုင်းကြောင်းမှတ်တမ်းဓာတ်ပုံများ၊ မန္တလေးငလျင်မလှုပ်ခတ်မီ မှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုမှတ်တမ်းဓာတ်ပုံများ၊ စေတီတော်ကြီးအား ကျွမ်းကျင်ပညာရှင်များက တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်ခဲ့မှု အခြေအနေများ၊ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သံကူကွန်ကရစ်ထုပ်များဖြင့် အားဖြည့်တည်ထားမည့်နမူနာပုံစံများ၊ စေတီတော်မြတ်ကြီးနှင့်သာသနိကအဆောက်အဦများ နေရာချထားမည့် နမူနာပုံစံများအား ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဘက်စုံစုပေါင်းအလှူတော်ငွေများကိုပေးအပ်လှူဒါန်းစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအား ရေးမူမပျက် မူလပုံစံအတိုင်း ပြန်လည်ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်သွားရန်၊ စေတီတော်မြတ်ကြီး၏ ယခင်မှတ်တမ်းဓာတ်ပုံများကို ပြန်လည်စုဆောင်း၍ သမိုင်းမှတ်တမ်းဓာတ်ပုံများ စနစ်တကျပြုစုထားရှိသွားရန်နှင့် စေတီတော်ကြီးနှင့် သာသနိကအဆောက်အဦများ ပြန်လည်တည်ဆောက်ရာတွင် ခိုင်ခံ့မှုရှိစေရေး စနစ်တကျတွက်ချက်တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

**စစ်ကိုင်းတံတား(အင်း၀)**

**ခုံးအမှတ်(၄)နှင့်**

**(၅)ဖယ်ရှားရှင်းလင်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ)သို့ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက စစ်ကိုင်းတံတား(အင်း၀) ခုံးအမှတ်(၄) နှင့် (၅) အပျက်အစီးများကို ဖယ်ရှားရှင်းလင်း၍ ရေလမ်းကြောင်းဖွင့်လှစ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့်ဧရာဝတီတံတား(ရတနာပုံ)တွင် Lateral Bracing, Bearing နှင့် Pier တိုင်များ ပျက်စီးသည့်အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မဟာမြတ်မုနိဘုရားကြီး**

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမြတ်မုနိဘုရားကြီးသို့ရောက်ရှိကြပြီး ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာဖူးမြော်ကြည်ညိုသည်၊ထို့နောက် ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သော လှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ၄က်မြတ်နားတော်တို့၌ စေတနာရှင် အများပြည်သူများလှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငလျင်လှုပ်ခတ်စဉ် ကွာကျခဲ့ရသည့် ရေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမြတ်မုနိဘုရားကြီးနှင့် သာသနိကအဆောက်အဦများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြတိုက်တော်ကြီးအတွင်း၌ မန္တလေးမြို့တော်ဝန်နှင့် မဟာမြတ်မုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ငလျင်ဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ထိခိုက်ပျက်စီးခဲ့ရမှုများအား မူလလက်ရာမပျက်စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန်လိုအပ်**ကြောင်း၊ **အင်ဂျင်နီယာရှုထောင့်မှ ကြည့်၍ ပြုပြင်မှုများကို ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်သွားရန်နှင့် ပြုပြင်မှုများကို စနစ်တကျမှတ်တမ်းထားရှိရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မဟာအတုလဝေယန်(အတုမရှိ)**

**ကျောင်းတော်ကြီးနှင့်**

**စူဠာမုနိရုပ်ရှင်တော်မြတ်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိရုပ်ရှင်တော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဖူးမြော်ကြည်ညိုကာ ပန်း၊ရေချမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စူဠာမုနိရုပ်ရှင်တော်မြတ်အား ပိုမိုကြည်ညို သပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် ရွှေသင်္ကန်းတော်နှင့် ရွှေပလ္လင်တော်ကပ်လှူပူဇော်ထားရှိမှုအား ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဘက်စုံစုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ကျောင်းတော်ကြီးနှင့် ရုပ်ပွားတော်မြတ်များကို ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

○ **ကျောဖုံးမှအဆက်**

ကွင်းလုံးပြည့်နီးပါးလာရောက်အားပေးခဲ့ပြီး မြန်မာအသင်းကလည်း အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ဒဏ်ရာရကစားသမားအချို့ရှိနေသဖြင့် ပွဲထွက်လူစာရင်းတွင်ဇင်ညီညီအောင်(ဂိုး)၊ဟိန်းဖြိုးဝင်း၊ သီဟထက်အောင်၊ စိုးမိုးကျော်၊ နန္ဒကျော်၊ ဇော်ဝင်းသိန်း၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ သန်းပိုင်တို့ကို အသုံးပြုခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပါကစ္စတန်အသင်းကလည်း အဖွင့်ပွဲတွင် အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် အမှတ်ရယူနိုင်ရန် အကောင်းဆုံးတုံ့ပြန်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေး သုံးကြိမ်ထက်မနည်းရသော်လည်း ၄၁ မိနစ်တွင် သန်းပိုင်သွင်းယူသည့် ဂိုးသာရခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းကတည်းက အနိုင်ရနေခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး အခွင့်အရေးကိုယ်စီရသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု(E)တွင် မြန်မာအသင်းက နှစ်ပွဲကစားခြောက်မှတ်ရထားပြီး ပါကစ္စတန်အသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် အောက်တိုဘာလ ၉ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-မောင်သော်**

# မိဘ၊ ဆရာပူးပေါင်း၍ ကလေးကိုပြုပြင်ပါ

ညွန့်ဝင်း(နတ်တလင်း)

**ကလေးတို့သည် ငယ်စဉ်က ပထမဆရာဖြစ်သော မိဘပတ်ဝန်းကျင်ကို ဖြတ်သန်းရသည်။ ကျောင်းနေသည့်အရွယ်တွင် ဒုတိယဆရာဖြစ်သော ဆရာ၊ ဆရာမတို့နှင့်ထိတွေ့ရသည်။ ဤတွင် ဆရာ၊ ဆရာမများသည် ကလေးအားလုံးကို သာတူညီမျှ တော်စေတတ်စေချင်ကြသည်။ သို့သော် မတစ်ထောင်ဖွားကလေးများသည် တတ်သိလိမ္မာမှုတွင်မတူညီကြပေ။ စိတ်ခါတ်အခြေခံစရိုက်ချင်းလည်း မတူကြပေ။ ဤသို့ဖြစ်ရခြင်းသည် မိဘပတ်ဝန်းကျင်စရိုက်ပေါ်တွင် များစွာမူတည်နေလေသည်။**

ကျွန်တော်တို့သည် ပညာရေးနယ်ပယ်တွင် နှစ်ပေါင်းများစွာကျင်လည်နေကြရသူများဖြစ်ရာ အခြေခံပညာကျောင်းများတွင် စရိုက်ဗီဇအမျိုးမျိုး ကွဲပြားလျက်ရှိသော ကလေးများကို ကြုံတွေ့ကြရစမြဲဖြစ်သည်။ ကလေးတို့၏ ထိုစရိုက်ဗီဇတို့သည် မိဘပတ်ဝန်းကျင်တွင် အခြေတည်စမြဲဖြစ်သည်။ အတန်းထဲတွင် အလွန်ဆိုးလွန်းနွဲ့လွန်းသော ကလေးမျိုးကိုတွေ့ဖူးသည်။ အတန်းဖော်သူငယ်ချင်းတို့နှင့် သဟဇာတမဖြစ်။ အရာရာကို သူကအနိုင်ယူချင်သည်။ အသာရချင်သည်။ ဤကလေးမျိုးသည် ဘိုးဘွားမိဘအလိုလိုက်ခံရသော ကလေးမျိုးဖြစ်နေတတ်သည်။ ကျောင်းဟူသောပတ်ဝန်းကျင်သစ်တွင် အခြားကလေးများနှင့် တွေ့ကြုံရသောအခါ အချင်းချင်း သဟဇာတဖြစ်အောင် မနေတတ်ဘဲ အိမ်မှာသူနေထိုင်ရသည့်အတိုင်း အရာရာအသာစီးရချင်စိတ်ဖြင့် ဗိုလ်ကျစိုးမိုးချင်ကြလေသည်။ သူ့အလိုမကျလျှင် အတူနေကလေးများနှင့် အချင်းများကာ ရန်ဖြစ်လေတော့သည်။ ထိုအခါ ကျွန်တော်တို့ ဆရာ၊ ဆရာမများက ကလေးကိုဆုံးမသွန်သင်ရလေသည်။ ဆုံးမသွန်သင်ရာ၌ ဆရာတစ်ယောက်၏ ဩဇာအာဏာကိုသုံးပြီး ကိုယ်ထင်သလို သုံးသပ်ဆုံးဖြတ်ဆောင်ရွက်၍မရပေ။ ပြဿနာဖြစ်သောကလေး၏ အကြောင်းခြင်းရာဇာစ်မြစ်ကို သေချာစွာစုံစမ်းလေ့လာပြီးမှ သင့်လျော်သော ဆုံးမပဲ့ပြင်မှုကိုပြုရသည်။

**ဆရာသည် တပည့်တို့ကို "နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍" ဆုံးမသွန်သင်ရန်လိုအပ်သကဲ့သို့ မိဘများကလည်း သားသမီးအပေါ်တွင် "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ" မှသာ တတ်သိလိမ္မာသောလူငယ်များဖြစ်လာပေလိမ့်မည်။ ဆရာ၊ မိဘ၊ ကျောင်းသားဟူသော ပညာရေးတြိဂံ၏ အနားများညီနေလျှင် လှပသောပညာရေးတြိဂံအဖြစ် မလွဲမသွေ ဖော်ဆောင်နိုင်မည်ဖြစ် . . .**

အချို့ကလေးများသည် အိမ်တွင် မိဘ၏ဂရုစိုက်ခြင်းကို မခံရ။ ထိုအခါ သူ့ရင်ထဲတွင် မကျေနပ်စိတ်များခိုအောင်းနေတတ်ပြီး ကျောင်းပတ်ဝန်းကျင်ရောက်သည့်အခါ သူငယ်ချင်းများ၊ ဆရာ၊ ဆရာမများနှင့် အဆင်မပြေဖြစ်တတ်သည်။ အိမ်တွင် အလိုမကျခဲ့သောစိတ်များဖြင့် ဆရာ၊ ဆရာမစကားကို နားမထောင်ချင်ဘဲ သူငယ်ချင်းများကိုလည်း အနိုင်ကျင့်ဗိုလ်ကျချင်စိတ်များလွှမ်းမိုးနေရာ ကျောင်းပတ်ဝန်းကျင်တွင် လူဆိုးလေးဖြစ်လာရသည်။ မိဘဂရုစိုက်မခံရသော ကလေးများတွင် အခြေခံဇာစ်မြစ်အကြောင်းရင်းအမျိုးမျိုးရှိတတ်သည်။ မိဘက စီးပွားရေးလုံးပန်းနေရသဖြင့် ဂရုစိုက်မခံရသောကလေး၊ မိဘ၏ အိမ်ထောင်ရေးပြဿနာကြောင့် ဂရုစိုက်မခံရသောကလေး၊ မိဘနှင့် ဝေးကွာနေသောကြောင့် ဂရုစိုက်မခံရသောကလေး စသည်ဖြင့် ရှိသည်။ စာရေးသူ၏ တပည့်မတစ်ဦးသည် ဖခင်က နောက်အိမ်ထောင်နှင့်ဖြစ်၍ မိဘနှင့် နီးနီးကပ်ကပ်မနေရ။ ဘိုးဘွားများနှင့်သာနေရပြီး သူ့ကို အချိန်ပြည့်မကြီးကြပ်နိုင်ပေ။ ထိုအခါ ကျောင်းစာကို ပုံမှန်မလုပ်၊ ဖုန်းတစ်လုံးနှင့် ဂိမ်းကို ညပိုင်းညဥ့်နက်သည်အထိ အလွန်အကျွံကစားသည်။ ဖုန်းအင်တာနက်အတွင်းမှ မတော်မလျော်သော ဗီဒီယိုများကို ကြည့်သည်။ ထိုသို့ဖြင့် သင်ခန်းစာများ ပုံမှန်မလုပ်နိုင်၊ အိပ်ရေးလည်းပျက်သဖြင့် မလန်းမဆန်းဖြစ်ကာ ကျောင်းမတက်နိုင်။ သင်ခန်းစာများ မလိုက်နိုင်သောအခါ ကျောင်းမတက်ချင်စိတ်များ ဖြစ်လာသည်။ ထို့နောက် ဖုန်းအင်တာနက်ဖြင့် ချိတ်ဆက်မိသူအချို့နှင့် အပြင်၌ သွားလာတွေ့ဆုံကာ ဆယ်ကျော်သက်အရွယ်တို့၏စိတ်ကစားခြင်းများဖြင့် မဆီလျော်သော လူမှုအကျင့်အကြံများကို ပြုလုပ်မိသည်။ တာဝန်သိတတ်သော လူကြီးအချို့က ထိုကလေးကို အပြင်တွင် ရုတ်တရက်တွေ့ဆုံမိပြီး ကျွန်တော်တို့ထံအကြောင်းကြားပေးခဲ့သည်။ ကျောင်းက စည်းကမ်းထိန်းသိမ်းရေး ဆရာ၊ ဆရာမအဖွဲ့သည် ထိုကလေးရှိသည့်နေရာသို့လိုက်သွားခဲ့ကြပြီး ကျောင်းသို့ ပြန်လည်ခေါ်ယူထိန်းသိမ်းနိုင်ခဲ့သည်။ ကလေး၏ မိဘထံ အသိပေးအကြောင်းကြားကာ ကလေး၏ လိမ္မာရေးခြားရှိရေး၊ ပညာရေးတို့အတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးခဲ့ရသည်။

တစ်နေ့တွင် ကလေးတစ်ဦး အတန်းထဲ၌ဆူပူသောင်းကျန်းနေသည်ဟု သိရသဖြင့် ကျွန်တော်တို့ကိုယ်တိုင်အတန်းထဲသို့သွားရောက်တွေ့ဆုံကာ အကြောင်းရင်းကိုစုံစမ်းရသည်။ အလယ်တန်းကျောင်းသားအရွယ်သာရှိသေးသောကလေးသည် အမူအရာတစ်မျိုးဖြစ်နေသည်ဟု အကဲခတ်မိသည်။ သို့သော် သံသယဖြစ်ဖွယ်အခြားအကြောင်းရှာမတွေ့။ နောက်မှအနံ့မထွက်သော ယနေ့ယမကာများအကြောင်းစဉ်းစားမိပြီး အသေအချာစစ်ဆေးသောအခါမှ ယမကာသုံးစွဲထားကြောင်း သိရတော့သည်။ ထိုကလေးသည် ယမကာကို မည်သို့ဝယ်ယူရရှိပုံနှင့် သုံးစွဲသည့်နေရာကိုစစ်မေးသောအခါ ဖြစ်ပုံကိုထူးဆန်းအံ့ဩစွာသိရသည်။ ထိုကလေး၏ မိဘသည် ယမကာရောင်းသူဖြစ်ပြီး ယမကာမျိုးစုံ အချိန်မရွေးရသည်ဟုဆိုသည်။ သို့ဖြစ်ရာ မိဘ၏ပတ်ဝန်းကျင်တွင် နေ့စဉ်မြင်တွေ့နေကျဖြစ်ပြီး အလွယ်တကူရရှိသော ယမကာ၏ အကြောင်း ကလေးကစမ်းသပ်သောက်ကြည့်ချင်သည်။ စမ်းသပ်ပြီးသော် ဆက်သောက်ချင်စိတ်သာ လွှမ်းမိုးလာသည်။ ယမကာ၏ ဆိုးကျိုးကိုပြောပြပြုပြင်ပေးမည့်သူမတွေ့မီ ဆက်မှားနေခြင်းဖြစ်သည်။ ဆရာများသိပြီးနောက်ပိုင်းတွင် ကလေး၏မိဘများနှင့် တွေ့ဆုံအသိပေးညှိနှိုင်းစဉ်မှာတော့ ကလေးက ယမကာကို ယူငင်သုံးစွဲနေမှန်းမသိဟု ပြောပြလာသည်။ အကြောင်းစုံသိလျှင်သိချင်း ဆရာ၊ မိဘ၊ ကျောင်းသား သုံးဦးထိုင်၍အဖြေရှာရခဲ့သည်။ မိဘကလည်း သားသမီးကို ဂရုစိုက်ထိန်းသိမ်းမည်၊ ဆရာကလည်း ဆုံးမသွန်သင်မည်၊ တပည့်ကလည်း လိုက်နာရမည်၊ မလိုက်နာဘဲ ဆက်လက်ကျူးလွန်လျှင် ကျောင်းစည်းကမ်းအရ အရေးယူမည်ဟု ဂန်ခံကတိယူရသည်။ သည့်နောက်ပိုင်းတွင်မှ ကလေးအခြေအနေပုံမှန်ဖြစ်ကာ ပညာကို ကောင်းစွာသင်ယူနိုင်ခဲ့သည်။

ကျောင်းခဏခဏပျက်နေသော ကျောင်းသားတစ်ဦး တွေ့ခဲ့ဖူးသေး၏။ ရိုးရိုးသားသားနှင့်စာကြိုးစားသူဟု ဆရာသမားများသိထားကြသည်။ သို့သော် မည်သည့်အကြောင်းမျှမသိရဘဲ ကျောင်းခဏခဏပျက်ကာ စာမလိုက်နိုင်ဖြစ်လာသည်။ ထို့ကြောင့် မိဘကိုခေါ်ယူတွေ့ဆုံရပြန်သည်။ ဖခင်ကိုယ်တိုင်ရောက်လာပြီး ဆရာနှင့်ဆွေးနွေးသည်။ ဖခင်က နောက်အိမ်ထောင်ပြုထားသဖြင့် ကလေးက မိထွေးနှင့် နေထိုင်ရသည်။ လက်လုပ်လက်စားဘဝဖြစ်၍ မှျစ်ချိုး၊ ဝါးခုတ်၊ ပေါင်းနုတ်၊ နှမ်းရိတ်၊ ကောက်ရိတ် စသည်ဖြင့် ကြုံရာကျပန်း အကုန်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုရသည်။ မိထွေးက မွေးစကလေးငယ်လေးနှင့် အိမ်မှာရှိပြီး ဖခင်ကနေ့တိုင်းတောထဲအလုပ်သွားရသဖြင့် ကလေးနှင့် အေးအေးဆေးဆေးမတွေ့ဖြစ်။ မိထွေးနှင့် အဆင်မပြေတော့ ကျောင်းစာကြိုးစားနေသောကလေးအတွက် အနှောင့်အယှက်ဖြစ်ရသည်။ တစ်ခါတစ်ရံ ဖခင်နှင့်အတူ အဖော်ရရန်တောထဲလိုက်ရသည့်အခါများလည်းရှိသည်။ နောက်ပိုင်း ကလေးကစာမလိုက်နိုင်သည့်အခါ အိမ်ကိုမပြောဘဲကျောင်းလစ်သည်။ တစ်နေရာမှစောင့်၍ သူငယ်ချင်းများကျောင်းဆင်းချိန်တွင် အိမ်သို့ရောနှောပြန်သည်။ အကြောင်းစုံသိရသည့်အခါ ကလေး၏ လိုအပ်ချက်များကို ဆရာများက ဖြည့်ဆည်းပေးမည်၊ အိမ်တွင် မိဘက ကြီးကြပ်ထိန်းကျောင်း၍ ကျောင်းမှန်မှန်တက်ရေး ဂရုစိုက်ပေးရမည်ဟု ညှိနှိုင်းဆွေးနွေးကာ ပြဿနာကို ဖြေရှင်းနိုင်ခဲ့သည်။

အချို့ကလေးများသည် မှားယွင်းသောအတွေးကို လက်ကိုင်ပြုလျက် အကောင်းမှတ်ထင်ကာ တလွဲဂုဏ်ယူနေတတ်ကြသည်။ ၎င်းအချက်သည်လည်း မိဘများ၏ စရိုက်မှားများမှဆင်းသက်လာသည်။ ရပ်ရွာထဲတွင် မိဘအသိုင်းအဝိုင်းက အများရွံ့ကြောက်ရသူများ

**မိဘတို့သည် သားသမီးကိုကျောင်းပို့ရုံနှင့် တာဝန်မကျေပါ။ ဆရာသည်လည်း ပုံမှန် စာသင်ရုံနှင့်တာဝန်မပြီးပါ။ ကျောင်းသားသည်လည်း မိဘဆရာဆိုဆုံးမစကားနားမဝင်ဘဲ ကိုယ်ထင်ရာကိုယ်လုပ်နေ၍မရပါ။ မိဘသည် သားသမီးကို အမြဲစောင့်ကြပ်ကြည့်ရှု၍ မှန်ကန်သောလမ်းကို ညွှန်နိုင်ရမည်။ ဆရာသည် တပည့်တို့၏ အမူအကျင့်နှင့် ပြဿနာဇာစ်မြစ်ကို မှန်ကန်စွာရှာဖွေ၍ သင်နိုင်၊ ပြင်နိုင်ရ . . .**

(လူမိုက်များ)ဟု မကောင်းသတင်းကျော်ကြားသည်။ ထိုအခါ သားသမီးများကလည်း မည်သူမျှယှဉ်ပြိုင်မပြောဝံ့သော၊ အများကြောက်ရွံ့ရသော လူမိုက်ဟူသော မကောင်းသည့်ဂုဏ်ပုဒ်ကို ဂုဏ်ယူစရာဟု ထင်နေသည်။ ထို့ကြောင့် ကျောင်းပတ်ဝန်းကျင်တွင် အများအပေါ် ဗိုလ်ကျစိုးမိုးနိုင်၊ လူမိုက်ဆန်နိုင်မှဂုဏ်ရှိသည်ဟု တလွဲမှတ်ယူနေတော့သည်။ ထိုကလေးမျိုးသည် ဆရာကပင် ဆုံးမသွန်သင်ရခက်တတ်သည်။ လူချင်းယှဉ်လိုက်လျှင် ကိုယ်ကဦးအောင်ချခဲ့ဟု တလွဲသင်မိဘမိုက်အချို့၏စရိုက်ကြောင့်လည်း ကလေးတို့ ရိုင်းပျတတ်ကြသည်။ ထိုကလေးမျိုးကို ဆရာက ခပ်တင်းတင်း ကိုင်တွယ်ဆုံးမရုံသာမက မိဘကိုပါနားလည်အောင်ရှင်းပြ၍ မှန်ကန်သော သွန်သင်ဆုံးမမှုပေးရန် ညှိနှိုင်းရသည်။ မိဘရော ကျောင်းသားပါ နားလည်လိုက်နာသည်နှင့် တစ်ဆစ်ချိုးပြောင်းလဲ၍ လိမ္မာသွားလေတော့သည်။

အချို့ကလေးများသည် မိဘ၏ ကဲကဲလှုပ်တလွဲအလိုလိုက်ခြင်းကို ခံရသည်။ သူ့ကလေးကို မည်သူမျှမထိနှင့်၊ ထိလျှင် ပြဿနာတက်သွားမည်ဆိုသော မိဘအချို့ရှိသည်။ ထိုမိဘမျိုး၏ ကလေးကို ဆရာ၊ ဆရာမလည်း ဆိုဆုံးမရခက်သည်။ ကလေးမှာ အပြစ်ရှိ၍ မလိမ္မာ၍အနည်းငယ် ရိုက်နှက်မိသည်ကိုပင် အပြစ်အနာလုပ်၍ တိုင်ကြားတတ်သည်။ ကိုယ့်ကလေးကို နည်းနည်းလေးမှမထိနှင့်၊ ထိလျှင် တိုင်တောမည်ဖြစ်နေသော မိဘမျိုး၏ကလေးသည် ဆရာတို့ပစ်ပယ်ခြင်းကိုခံရသည်။ ဆရာပစ်ပယ်ထားသောကလေးသည် ပို၍ဆိုးသွမ်းတတ်ပြန်လေသည်။ ထိုသို့မဖြစ်ရန် ဆရာကလည်း ဆရာပီသစွာ ကျောသားရင်သားမခွဲခြားဘဲ ဆိုဆုံးမတတ်ရမည်။ မိဘကလည်း ကိုယ့်ကလေး တတ်သိလိမ္မာရေးအတွက် ဆရာ၊ ဆရာမများအပေါ် အမြင်မှန်ဖို့လိုသည်။ တပည့်ကလည်း ဆရာ၊ ဆရာမ၏ စေတနာ၊ မေတ္တာကို နားလည်သိမြင်လျက် ဆိုဆုံးမမှုကို နှစ်လိုခံယူတတ်ရမည်။ သာဓကအနေဖြင့် တင်ပြရလျှင် မင်းတုန်းမင်းကြီးငယ်စဉ် ဆရာဘုန်းတော်ကြီးထံ မိဘက အပ်နှံသင်ကြားစေသည်။ ဆရာဘုန်းတော်ကြီးက သိမ်းခိုင်းထားသော ငါးခြောက်ပြားပျောက်သည်ကို အကြောင်းပြု၍ တာဝန်ကျေပွန်ရန်၊ နောက်နောင် ဤသို့ မဖြစ်ရန် ပြောဆိုသွန်သင်၍ ရိုက်နှက်ဆုံးမခဲ့သည်။ စည်းကမ်းရှိသေ၍ အသိပညာအတတ်ပညာပြည့်စုံသွားသော ဘုန်းကြီးကျောင်းသားလေးသည် သမိုင်းတွင်ထင်ရှားသော မင်းတုန်းမင်းကြီး ဖြစ်ခဲ့သည်။

ဆိုရသော် မိဘတို့သည် သားသမီးကို ကျောင်းပို့ရုံနှင့်တာဝန်မကျေပါ။ ဆရာသည်လည်း ပုံမှန်စာသင်ရုံနှင့် တာဝန်မပြီးပါ။ ကျောင်းသားသည်လည်း မိဘဆရာဆိုဆုံးမစကား နားမဝင်ဘဲ ကိုယ်ထင်ရာကိုယ်လုပ်နေ၍မရပါ။ မိဘသည် သားသမီးကို အမြဲစောင့်ကြပ်ကြည့်ရှု၍ မှန်ကန်သောလမ်းကို ညွှန်နိုင်ရမည်။ ဆရာသည် တပည့်တို့၏ အမူအကျင့်နှင့် ပြဿနာဇာစ်မြစ်ကို မှန်ကန်စွာရှာဖွေ၍ သင်နိုင်၊ ပြင်နိုင်ရမည်။

ထို့ကြောင့် ဆရာသည် တပည့်တို့ကို "နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍" ဆုံးမသွန်သင်ရန် လိုအပ်သကဲ့သို့ မိဘများကလည်း သားသမီးအပေါ်တွင် "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ" မှသာ တတ်သိလိမ္မာသောလူငယ်များဖြစ်လာပေလိမ့်မည်။ ဆရာ၊ မိဘ၊ ကျောင်းသားဟူသော ပညာရေးတြိဂံ၏ အနားများညီနေလျှင် လှပသောပညာရေးတြိဂံအဖြစ် မလွဲမသွေ ဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။ ။

# ၂၀၂၅ ခုနှစ် ဇွန်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့်မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် လေးရက်မှခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ရွှေကူမြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၄ ပေမှ ၆ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇ ပေမှ ၉ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၃ ပေမှ ၅ ပေခန့်၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့်မုံရွာမြို့တို့တွင် ၆ ပေမှ ၉ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့နှင့် ရွှေစာရံမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၃ ပေခန့်နှင့် မဒေါက်မြို့တွင် ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည်ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သံလွင်မြစ်ရေသည်ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၅ ပေခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေခန့်စီနှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ၅ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၅ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသားသုံးဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသား သုံးဦးအား မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသားသုံးဦးအား သက်ဆိုင်ရာနိုင်ငံသို့လွှဲပြောင်းပေးအပ်စဉ်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယား သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Rhee Wuchan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၅၅ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၉၅ | ၂၉၁၅ | ၄၅၀၅ | ၃၂၁၀ | ၂၉၃၀ | ၂၉၃၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၀ | ၃၂၄၅ |
| 95 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၆၀ | ၃၂၅၅ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၁၅ | ၃၀၄၀ | ၃၂၉၅ |
| HSD (500 ppm) | ၂၃၇၅ | ၂၄၉၀ | ၂၄၅၅ | ၂၃၉၀ | ၂၄၉၅ | ၂၅၁၀ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၀ | ၂၄၆၅ | ၂၄၆၅ | ၂၅၃၅ | ၂၅၀၀ | ၂၅၂၅ | ၂၇၈၀ |
| HSD (50 ppm) | ၂၉၅၀ | ၃၀၆၅ | ၃၀၃၀ | ၂၉၆၅ | ၃၀၇၀ | ၃၀၈၅ | ၃၁၀၀ | ၃၀၂၀ | ၄၈၃၀ | ၃၃၁၅ | ၃၀၄၀ | ၃၀၄၀ | ၃၁၁၀ | ၃၀၇၅ | ၃၀၉၅ | ၃၃၅၅ |
| HSD (10 ppm) | ၂၉၅၀ | ၃၀၆၅ | ၃၀၃၀ | ၂၉၆၅ | ၃၀၇၀ | ၃၀၈၅ | ၃၁၀၀ | ၃၀၂၀ | - | ၃၃၁၅ | ၃၀၄၀ | ၃၀၄၀ | ၃၁၁၀ | ၃၀၇၅ | ၃၀၉၅ | ၃၃၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၉ | ၂၇၆၆ |
| 95 Ron | ၂၇၂၇ | ၂၈၁၅ |
| HSD (500 ppm) | ၂၂၂၇ | ၂၃၀၁ |
| HSD (50 ppm) | ၂၇၈၂ | ၂၈၆၇ |
| HSD (10 ppm) | ၂၇၈၂ | ၂၈၆၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်း**

**သိုလှောင်ဖြန့်ဖြူးခြင်း**

**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အားကစားအဖွဲ့များ စခန်းသွင်းလေ့ကျင့်နေမှုကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုအားပေး



ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက်ကဆံကွင်း အတွင်းရှိ Synthetic ပြေးလမ်းပါ ဘောလုံး လေ့ကျင့်ရေးကွင်း(၁)၌ ပဏာမလက်ရွေးစင် ပြေးခုန်ပစ်တာလတ်အားကစား လေ့ကျင့်နေမှု၊ အမြင့်ခုန်အားကစားလေ့ကျင့်နေမှုနှင့် ကြိုးတပ်သံလုံးပစ် လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကား ပြောကြားကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝုရှုးအားကစားလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် ဝုရှုးအားကစားသမားများ လေ့ကျင့်နေမှုနှင့် ခြင်းလုံးအားကစားရုံ၌ ပဏာမလက်ရွေးစင်ခြင်းလုံး အားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လှုပ်ရှားကစားရာ၌ နည်းစနစ်မှန်ကန်ပြီး လျင်မြန်ဖျတ်လတ်မှုရှိရန်၊ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီလေ့ကျင့်ကစားကြရန် မှာကြားသည်။

ထို့နောက် ပန်ကြပ်ဆီလပ်လေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် ပန်ကြပ်ဆီလပ်အားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှု၊ ကရာတေးလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင်ကရာတေးအားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှုနှင့် ဗဟန်းမြို့နယ်ရှိကျိုက္ကဆံဘတ်စကက်ဘော အားကစားရုံ၌ ပဏာမလက်ရွေးစင် ဘတ်စကက်ဘောအားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# လျှပ်ခ ဘေးဒဏ်ကြောင့်... 

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးဝင်းအတွင်း Modular Container House များ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိခရိုင်စုပေါင်းရုံးဝင်းအတွင်း Modular Container House များ ဆောက်လုပ်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေး၍ အသစ်ထပ်မံတည်ဆောက်မည့် မြေနေရာများအား ရွေးချယ်သတ်မှတ်ပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ မင်းရဲဆည်အတွင်း၌ ခရိုင်မီးသတ်ဦးစီးဌာနက ကျင်းပပြုလုပ်သည့် ရေပြင်အသက်ကယ်သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားသို့တက်ရောက်၍ အသက်ကယ်လှေများဖြင့် သရုပ်ပြခြင်းနှင့်လက်တွေ့ရေပြင်ကယ်ဆယ်ခြင်း သရုပ်ပြလေ့ကျင့်မှုများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်ပြီး စဉ့်ကိုင်မြို့နယ်၊ တောင်ရင်းကျေးရွာရှိ TOP Myanmar ပီနံအိတ်စက်ရုံနှင့် KIYO–MYANMAR Healthy Friut & Veggie Chips စက်ရုံတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုများ၊ ဘဲလင်းကျေးရွာရှိ မြင့်မိုရ်တောင်ဘုရားနှင့် နှစ်ဆူတောင် ဘုန်းတော်ကြီးကျောင်းတို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများနှင့် ဥယျာဉ်ငယ်ကျေးရွာ၊ ဥယျာဉ်လေးပရဟိတဘုန်းကြီးကျောင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်ရေးဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဥယျာဉ်လေးပရဟိတဘုန်းတော်ကြီးကျောင်းဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၁၀-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၈၂၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်ဖိုရမ်ကျင်းပ



နေပြည်တော် ဇွန် ၁၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ဇွန်လ ၅ ရက်မှ ၆ ရက်အထိ ပထမအကြိမ်ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာဒစ်ဂျစ်တယ်ဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဇွန်လ ၅ ရက်ကကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာဒစ်ဂျစ်တယ်ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ Dmitry Yuryevich Grigorenko၊ Nizhny ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ Gleb Nikitin နှင့် တာဝန်ရှိသူများ၊ နိုင်ငံပေါင်း ၁၁၀ မှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ဖိုရမ်ကျင်းပစဉ်ကာလအတွင်း ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဆက်သွယ်ရေးနှင့်မီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ Bella Cherkesova နှင့် အလုပ်သဘောသီးခြားတွေ့ဆုံ၍ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန်၊ ဒေသတွင်းနည်းပညာကွာဟမှု လျှော့ချရေးအပါအဝင် အဆင်သင့်ဖြစ်မှု၊ အားသာချက်၊ စိန်ခေါ်မှုတို့နှင့် ရုရှား–မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ Sergey Vershinin ဦးဆောင်ကျင်းပသည့် ဝန်ကြီးအဆင့် သီးခြားဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ပြခန်းများကို ကြည့်ရှုလေ့လာခဲ့သည်။

ဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တက်ရောက်လာကြသည့်နိုင်ငံများမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်းတို့ကို ကပ်လှူပူဇော်စဉ်။

# ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လို

★ **ရှေ့ဖုံးမှအဆက်**

လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးအတွက် KG + 9 အထိ အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိ**ကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် သင်ကြားရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် စာပေပညာ၊ လူမှုဆက်ဆံရေးအသိပညာများရရှိစေရေး သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဟူသည့်အတိုင်း ကလေးငယ်များအနေဖြင့် ငယ်စဉ်ကလေးဘဝကတည်းကပင် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာပြောဆိုတတ်စေရေးသင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံးပညာသင်ကြားနိုင်ရေးအတွက်လည်း စည်းရုံးဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြန်လည်ပြုပြင်တည်ဆောက်ရန်လိုအပ်သည့် စာသင်ဆောင်များနှင့် ယာယီစာသင်ဆောင် ဆောက်လုပ်နေမှုတို့အား လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စာသင်ဆောင်များ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးအတွက် စနစ်တကျဆောင်ရွက်သွားရန်နှင့်အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာသင်ဆောင်များတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုအခြေအနေများကိုကြည့်ရှုအားပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ဆောင်များတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

**ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်းတို့ကို ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ကောင်းမှုတော် စေတီတော်မြတ်ကြီးအတွင်းပိုင်း၊ အပြင်ပိုင်းနှင့် စောင်းတန်းများ၊ သာသနိကအဆောက်အဦများ၌ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်

# ထိခိုက်ပျက်စီးခဲ့ရမှုများကို မူလလက်ရာအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးအတွင်းပိုင်း၊ အပြင်ပိုင်းနှင့်စောင်းတန်းများ၊ သာသနိကအဆောက်အဦများ၌ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဝန်ကြီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် ဂေါပကအဖွဲ့ဝင်များက ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးသမိုင်း

**❖ စေတီတော်မြတ်ကြီးအား ရှေးမူမပျက် မူလပုံစံအတိုင်း ပြန်လည်ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်၊ သမိုင်းမှတ်တမ်းဓာတ်ပုံများ စနစ်တကျပြုစုထားရှိသွားရန်နှင့် စေတီတော်ကြီးနှင့် သာသနိကအဆောက်အဦများ ပြန်လည်တည်ဆောက်ရာတွင် ခိုင်ခံ့မှုရှိစေရေးစနစ်တကျတွက်ချက်တည်ဆောက် . . .**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးမြောက်ဘက်မျက်နှာစာရှိ မေတ္တာကန်၌ ငါးစာကျွေးခြင်း၊ ငါးလွှတ်ခြင်းတို့ဆောင်ရွက်၍ ကုသိုလ်ယူကြသည်။

ထို့နောက် စေတီတော်မြတ်ကြီးရှိ အောင်မြေဗောဓိမဏ္ဍပ်ရုံအတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် ဂေါပကအဖွဲ့ဝင်များက ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးသမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများ၊ မန္တလေးငလျင်မလှုပ်ခတ်မီ မှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများကို မူလလက်ရာအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်၊

**စာမျက်နှာ ၁၁ သို့** ☆



နိုင်ငံတော်သြဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသည့် ဘီလပ်မြေတန်ချိန် ၁၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆွမ်းဦးပုညရှင်စေတီတော် ဂေါပကအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး မန္တလေးငလျင်မလှုပ်ခတ်မီ မှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects progress in carrying out rehabilitation activities in Sagaing and Mandalay and looks into requirements





Senior General Min Aung Hlaing hears report on reconstruction of Soon Oo Ponnyashin Pagoda.

NAY PYI TAW June 10

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his wife, Daw Kyu Kyu Hla, SAC Joint Secretary General Ye Win Oo, members of the entourage, and chief ministers of Mandalay and Sagaing regions, inspected the progress in carrying out rehabilitation activities in earthquake-hit Sagaing and Mandalay today and looked into the requirements.


**Sagaing BEHS 1**

The Senior General and party arrived at Basic Education High School No 1 in Sagaing and were welcomed by the headmistress and officials. While the headmistress and officials were welcoming them, the Senior General said the country is providing all students with KG+9 free education. Education will produce good human resources that can differentiate between good and bad and cause and effects and can serve the national interest more. Thus, education staff must be dutiful and must also teach social relations. As the saying goes "Discipline starts at school" they must teach the pupils to pursue a disciplined lifestyle since childhood. They must also ensure education for all school age children through

See Page - 21 ●●



Senior General Min Aung Hlaing inspects religious artifacts.






Senior General Min Aung Hlaing views documentary photos of Rajamani Cula Kaunghmutaw Pagoda.





Senior General Min Aung Hlaing hears report on restoration of the headdress of Maha Myat Muni Buddha Image.

●● From Page - 21

nuns, and lay devotees who lost their lives in the natural disaster.

**Soon Oo Ponnya Shin Pagoda**

Next, the Senior General, along with his wife and entourage, visited the Soon Oo Ponnya Shin Pagoda, which had suffe-red damage due to the earthquake. They inspected the clearing and restoration efforts being carried out to address the damages.

Following this, at the Dhamma Hall, a representative from the Pagoda's Board of Trustees presented the historical records and photographs of the revered Soon Oo Ponnya Shin Pagoda, including documentation of its condition before the Mandalay earthquake, the extent of damage caused by the earthquake, and the assessments conducted by experts. He also displayed proposed reinforcement models using reinforced concrete to ensure the pagoda's long-term stability, as well as layout plans for the pagoda and other religious structures.

In response to the presentation, the Senior General instructed that the pagoda be restored strictly in accordance with its original design while preserving its historical integrity. He emphasized the need to systematically compile historical photographic records and ensure that the reconstruction of the pagoda and associated religious buildings is carried out with structural stability in mind. Additionally, he provided further necessary guidance. Subsequently, the Senior General paid respects to the Buddha image enshrined within the Dhamma Hall.

**Removal of debris from Sagaing Bridge (Inwa) Spans No. 4 and 5**

Later, the Senior General and party arrived at the Ayeyawady Bridge (Yadanabon), where officials briefed them on the ongoing efforts to remove debris from Spans No. 4 and 5 of the Sagaing Bridge (Inwa) to reopen the waterway. They also reported on the damage to the lateral bracing, bearings, and piers of the Ayeyawady Bridge (Yadanabon). The Senior General issued necessary instructions regarding the repairs.

**Maha Myat Muni Buddha Image**

The Senior General and party then visited the Maha Myat Muni Buddha Image, where they offered flowers and water in reverence. They inspected the damage caused by the earthquake, including the fallen diamond orb and pennant-shaped vane, which had been adorned with precious gems donated by devotees. They also examined the ancient mural paintings that had collapsed during the quake and issued necessary instructions to the responsible officials.

The Senior General further inspected the earthquake damage to the Maha Myat Muni Pagoda and associated religious structures, as well as the ongoing reconstruction efforts. After hearing reports from officials, the Senior General provided further guidance.

Later, inside the museum, the Mayor of Mandalay and the Chairman of the Maha Myat Muni Pagoda's Board of Trustees briefed the Senior General on the extent of the earthquake damage and the progress of reconstruction efforts. The Senior General stressed the importance of restoring the damaged structures in line with their original craftsmanship, ensuring long-term durability from an engineering perspective, and maintaining systematic records of the restoration work. He also issued additional necessary instructions.

**Maha Atulawaiyan (Atumashi) Monastery and Sula Muni Buddha Image**

Next, the Senior General and his entourage arrived at the Maha Atulawaiyan (Atumashi) Monastery, where they were welcomed by the Chairman of the Board of Trustees, U Mya Win, and other officials. They then paid homage to the revered Sula Muni Buddha Image and other sacred Buddha statues inside the monastery, offering flowers and water.

The Senior General also observed the golden robes and golden throne offered to enhance the sanctity of the Sula Muni Buddha Image and gave necessary instructions.

Subsequently, the Senior General and wife donated funds from the collective charity contributions, which were received by members of the monastery's board of trustees.

Finally, the Senior General signed the monastery's guestbook and inspected measures taken to maintain the monastery and Buddha images in a dignified and reverential manner. He left further instructions as needed.

**100**

# All sown acreage of sweet corns harvested in Tamu District

TAMU June 10

According to the statistics of Tamu District Agriculture Department, local farmers have reaped all plantations of sweet corns in Tamu District of Sagaing Region.

They could grow 1,256 acres of sweet corns in the cold season. Starting from February this year, they harvested the crops. So far, they have harvested all sown acreage of crops, yielding more than 21,000 cobs of sweet corns.

U Hla Myint, Head of Tamu District Agriculture Department, disclosed: "Local farmers planted 1,256 acres of sweet corns in Tamu District. Now, they have reaped all plantations of crops. They could expand sown acreage of crops. Our department raised farmer awareness of growing sweet crops to have success and prevent pests in the plantations."

In the district, farmers from Myothit Township harvested 280 acres of sweet corns, Tamu Township 379 acres and Khampak 597 acres, totalling 1,256.

Officials of relevant Agriculture Departments conducted training courses for local farmers and agricultural staff to enhance their capacity for successfully growing sweet corns, prevention of FAW, and make natural fertilizers and pesticides. **SMK**

# Farmers finish harvest of onion in Kalay Township

KALAY June 10

Local farmers have completed harvest of onions in all plantations in Kalay Township of Sagaing Region, according to the township agriculture department.

They planted 2,651 acres of onions as cold season crops in the township. Starting from February this year, they harvested the crops. So far, they have harvested all acreage of onion, yielding 4,632.58 viss per acre.

"During the winter crop season in Kalay Township, only 2,651 acres of onions could be cultivated. As of now, all of the cultivated onion fields have been fully harvested. In fact, cultivation exceeded the initially planned acreage," said U Naing Tun Win, head of the Kalay Township Agriculture Department.

Within Kalay Township, the Township Agriculture Department has assisted onion farmers by establishing market connections to ensure better prices, providing technologies for longer storage of onions, promoting cultivation using GAP (Good Agricultural Practices) methods, and supporting efforts to produce high-quality onions.

Farmers need to spend some Ks-1.8 million per acre of growing onion but each acre can yield some 5,000 viss of onions.

In Sagaing Region, farmers emphasize cultivation of onions on the largest sown acreage in Monywa, Yinmabin, ChaungU, Shwebo and Myinmu townships. **SK**

# At least ten killed in school shooting in Austria



GRAZ June 10

At least ten people have been killed in a shooting at a school in the Austrian city of Graz, according to local authorities. The incident occurred around 10 am local time at BORG Dreierschutzengasse, a secondary school in the Lend District.

Police confirmed that shots were fired inside the building, prompting a major response involving multiple units, including Cobra special forces and police helicopters.

Graz Mayor Elke Kahr later confirmed ten people have been killed in the attack: one adult and nine students, including the suspected gunman. Media reports state that about 30 more people, both students and teachers, were injured in the shooting and taken to hospitals in Graz, with at least two in critical condition.

According to police, the shooter was a 21-year-old Austrian citizen from the Graz-Umgebung District. His name has not been released. He used two legally owned firearms in the attack before shooting himself in a restroom. Authorities said he had no prior police record.

While the motive behind the shooting is still unclear, media reports suggest the gunman is a former student who may have been a victim of bullying. The State Criminal Police Office has launched an investigation. In a post on X, police said they had successfully evacuated all students and teachers from the building.

"The situation is secure. No further danger is expected," read the message.

Graz is the capital of the Austrian federal state of Styria and the second-largest city in Austria after Vienna. The shooting coincided with the Matura exams, Austria's equivalent of final secondary school examinations.

**RT**

# Australian journalist shot with rubber bullet during Los Angeles riots

LOS ANGELES June 10

Australian journalist Lauren Tomasi was struck by a rubber bullet while covering immigration riots in Los Angeles, Tomasi and her employer have said.

The incident occurred on Sunday as Tomasi, a correspondent for 9News Australia, was wrapping up a live report near the city's Metropolitan Detention Center, where riot police were facing off with demonstrators.

A police officer standing behind Tomasi suddenly fired a projectile, which hit her in the leg. "I'm a bit sore, but I'm okay," Tomasi wrote on X after the incident.

"This is just one of the unfortunate realities of reporting on these kinds of incidents. It has been a really volatile day on the streets of Los Angeles," she told 9News.

Australia's Department of Foreign Affairs issued a statement saying that "journalists should be able to do their work safely."

The protests and riots began on Friday after immigration officials detained several day laborers in the parking lot of a Home Depot store in Los Angeles' Westlake District. President Donald Trump ordered the deployment of the National Guard in response, a move California Governor Gavin Newsom rejected as unlawful.



**RT**

# Houthis claim Israel attacked Yemeni Port City of Hodeida

SANAA June 10

Hodeida has been a key entry point for food and other humanitarian aid for millions of Yemenis since the war began in 2014.

Israel attacked docks in Yemen's port city of Hodeida on Tuesday, Al Masirah reported.

"Two strikes by the Israeli enemy targeted the docks of the port of Hodeida," in western Yemen, stated the TV channel.

Facilities that are key to aid shipments to the war-wracked nation were reportedly targeted.

On Tuesday night, the Israeli military issued a warning to stay away from three ports on Yemen's western Red Sea coast - Ras Isa, Hodeida and al-Salif - over what it alleged was "the Houthi regime's use of seaports for its terrorist activities."

The Israeli navy struck Yemen's port of Hodeida in response to Houthi missile launches at Israel, the Israel Defence Forces (IDF) confirmed.

**Sputnik**

# Putin calls for stronger measures to contain pathogen-based WMDs

MOSCOW June 10

Russia advocates strengthening mechanisms to contain the development and proliferation of weapons of mass destruction based on pathogenic microorganisms and toxins, Russian President Vladimir Putin said on Tuesday.

"Russia, together with partners from friendly countries, consistently advocates strengthening collective mechanisms to contain the development and proliferation of weapons of mass destruction based on the use of pathogenic microorganisms and toxins," Putin said in his address to the participants and organizers of the fifth international scientific and practical conference "Global Threats to Biological Security. Problems and Solutions."

Issues of ensuring biological security are becoming particularly acute, including due to the general instability in the world and the lack of progress in achieving the goals of the Biological and Toxin Weapons Convention, the president said.

"Of course, interaction in this area must be carried out with strict observance of the principles of equality and respect for the sovereignty of all states," Putin said, adding that Russia is ready to help in responding to biological threats, outbreaks of dangerous infectious diseases in any region of the world.

**Sputnik**

# 15 police officers injured in Northern Ireland disorder

LONDON June 10

Police in Northern Ireland have confirmed that 15 police officers were injured during a night of disorder on Monday.

The Police Service of Northern Ireland condemned the violence in Ballymena in a statement published on its website on Tuesday.

The unrest followed a peaceful protest in support of the family of a girl who was the victim of an alleged sexual assault over the weekend, local media reported.

At around 7:30 p.m. local time, a planned vigil was initially peaceful as it proceeded towards the Clonavon Terrace area of Ballymena, according to police.

A number of masked individuals broke away from the gathering, building barricades, stockpiling missiles, and attacking properties in the Clonavon Terrace area.

Elements of the crowd then turned on the police, and police officers came under sustained assault for several hours, police said.

During the disorder, several homes and businesses were damaged, with windows and doors smashed. Four houses caught fire, prompting the evacuation of three residents.

A 29-year-old man was arrested on suspicion of riotous and disorderly behaviour, attempted criminal damage, and resisting police, the statement said.

**Xinhua**

●● From Page - 18

awareness campaigns. The Senior General then attended to the needs.

The Senior General and party observed the classrooms that needed reconstruction and erection of temporary classrooms. In response to the reports of officials, the Senior General spoke of the need to ensure strength and lights and fruits to a Buddha image at the pagoda. The Senior General surveyed the damage caused by the Mandalay earthquake to the interior and exterior sections, roofed passages and religious buildings of the pagoda, progress in removing debris and reconstruction activities. He also gave guidance to facilitate the work.



Senior General Min Aung Hlaing signs visitors book at Atumashi Monastery.

sustainability of the reconstructed school buildings and fulfill the needs of other areas.

He then looked arounds the classrooms and gave encouragement to students.

**Rajamani Cula Kaunghmutaw Pagoda**

On arrival at the Rajamani Cula Kaunghmutaw Pagoda, the Senior General and party were welcomed by Chair of the Pagoda Board of Trustees U Than Tun Aung and members. The Senior General and wife and members of the entourage paid homage and offered flowers, water,

The Senior General and party conducted fish feeding and releasing at Metta Lake in the northern sector of the pagoda.

At the Aungmyae Bodi Hall of the pagoda, the Senior General heard a report on the current situation of the pagoda presented with the help of the photos showing its evolvement throughout the past successive years, pre-earthquake photos and post-earthquake photos by Lt-Gen Thet Pon of the Office of the Commander-in-Chief (Army) and members of the Pagoda Board of Trustees. The



Senior General Min Aung Hlaing and Daw Kyu Kyu Hla present donation for Rajamani Cula Kaunghmutaw Pagoda.

Senior General told them to repair the damage parts in accord with the original designs, to grow shades trees in rows and sections around the Metta Lake, to turn roofed passages into facilities where pilgrims can take a rest peacefully. He also provided means for early completion of the work.

The Senior General and wife presented collected donations for all-round renovation of the pagoda to the members of the board.

**1,500 tons of cement donated by families of Tatmadaw (Army, Navy and Air) for repair of pagodas and stupas after earthquake damage**

Next, the Senior General and his entourage arrived at the Sitagu Vipassana Monastery. They paid respects to the State Ovadacariya Sawlasama Sayadaw of Shwegyin Nikaya Chancellor of Sitagu International Buddhist Universities Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhammajotika Dr. Bhaddanta Ñavissara. They then offered 1,500 tons of cement donated by families of Tatmadaw (Army, Navy and Air) for the repair and restoration of pagodas and stupas that enshrine sacred Buddha relics but were damaged by the earthquake, and alms. Following this, a merit-sharing ceremony was held to dedicate the donations to the monks,

See Page - 19 ●●





Senior General Min Aung Hlaing points out the need to ensure strength and sustainability of the reconstructed school buildings of BEHS 1 in Sagaing.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# INNOVATION

## EV အားသွင်းချိန်ကို ၅ မိနစ်အထိလျှော့ချပေးမယ့် မစ်ဆူဘီရှိရဲ့ ဘက်ထရီလဲလှယ်ရေးကွန်ရက်

မစ်ဆူဘီရှိဖူဆိုထရပ်နှင့်ဘတ်(စ်)ဆိုတဲ့ ကုမ္ပဏီက ၂၀၅၀ ပြည့်နှစ်အရောက်မှာ ဂျပန်နိုင်ငံရဲ့ရည်မှန်းချက်တစ်ခုဖြစ်တဲ့ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၄၆ ရာခိုင်နှုန်းအထိလျှော့ချနိုင်စေရေးမှာ ပါဝင်ကူညီတဲ့အနေနဲ့ လျှပ်စစ်ကား(EV)များ အတွက် ဘက်ထရီလဲလှယ်ရေးကွန်ရက် တစ်ခုကို တိုကျိုမြို့မှာစတင်ဖွင့်လှစ်လိုက်ပါပြီ။

ဒီအစီအစဉ်ကို မစ်ဆူဘီရှိကအမေရိကန်ရဲ့အမ်ပယ်ကုမ္ပဏီ၊ ဂျပန်ရဲ့ယာမာတို သယ်ယူပို့ဆောင်ရေးကုမ္ပဏီတို့နဲ့ပူးပေါင်းပြီး ဘက်ထရီလဲလှယ်နိုင်တဲ့ EV များထုတ်လုပ်ရေးနဲ့ အလိုအလျောက်ဘက်ထရီလဲလှယ်ရေးစခန်းများကို တိုကျိုမြို့မှာ တည်ဆောက်သွားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။

ဘက်ထရီလဲလှယ်နိုင်မယ့် EV များကို ထုတ်လုပ်ဖို့ဆိုတာ အချိန်ယူရဦးမှာဖြစ်ပေမယ့် ဘက်ထရီလဲလှယ်ရေးစခန်းများကိုတော့ တိုကျိုမြို့မှာရှိတဲ့ လူဦးရေထူထပ်ရာနေရာများမှာ ဒီနှစ်အတွင်း တည်ဆောက်သွားမှာပါ။

ဒီလိုမျိုး ဘက်ထရီလဲလှယ်ရေးစခန်းများအတွက် အမေရိကန်အမ်ပယ်ကုမ္ပဏီရဲ့နည်းပညာကို အဓိကထားအသုံးပြုမှာဖြစ်ပါတယ်။ သာမန်အားဖြင့်ဆိုရင် EV ကားတွေကိုအားသွင်းပါက အချိန်အားဖြင့်တော်တော်လေးကြာပါတယ်။ အခုတိုကျိုမြို့မှာတည်ဆောက်သွားမယ့် ဘက်ထရီလဲလှယ်ရေးစခန်းမှာတော့ ဘက်ထရီလဲလှယ်ချိန်က ၅ မိနစ်သာကြာမြင့်မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**



## ကားစက်ရုံမှာအလုပ်လုပ်နေတဲ့ AI အပြည့်အဝသုံး AlphaBot2

AlphaBot2 ဆိုတာ တရုတ်နိုင်ငံရှိ ရှန့်ဇန်းမြို့အခြေစိုက် AI² Robotics ရဲ့ ထုတ်ကုန်တစ်ခုဖြစ်ပါတယ်။ သို့သော်လည်း တခြားစက်ရုပ်တွေနဲ့မတူတာက AlphaBot2 ဟာ AI ကိုအပြည့်အဝအသုံးပြုထားပြီး အမျိုးမျိုးသောလုပ်ငန်းများကိုဆောင်ရွက်နိုင်စွမ်းရှိတဲ့စက်ရုပ်တစ်ခုဖြစ်နေခြင်းဖြစ်ပါတယ်။

AlphaBot2 အနေနဲ့လုပ်ဆောင်နိုင်တဲ့ လုပ်ငန်းတွေထဲမှာ အရည်အသွေးစစ်ဆေးခြင်း၊ အစိတ်အပိုင်းများတပ်ဆင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနဲ့ ပြုပြင်ထိန်းသိမ်းခြင်းတို့ပါဝင်ပါတယ်။ ဒါကြောင့်အခုဆိုရင် AlphaBot2 ဟာ မော်တော်ကားထုတ်လုပ်ရေးစက်ရုံတစ်ခုမှာ လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါဟာ AI နည်းပညာကိုအပြည့်အဝအသုံးပြုခြင်းဖြင့် မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းမှာ စက်ရုပ်တွေကို ထိရောက်စွာအသုံးချလာနိုင်မှုကိုရည်ညွှန်းနေပါတယ်။

AlphaBot2 ဆိုတာ AI² Robotics ရဲ့ Alpha Brain System ကိုအသုံးပြုထားတဲ့ မျိုးဆက်သစ်အသိဉာဏ်မြင့်စွမ်းရည်ကို ကိုယ်စားပြုနေတာဖြစ်ပါတယ်။ သူက သင်ယူမှုကိုမြန်ဆန်စွာလုပ်ဆောင်နိုင်တဲ့အပြင် ပတ်ဝန်းကျင်အပေါ်မူတည်ပြီး သူ့ရဲ့သိရှိမှတ်သားနိုင်စွမ်းကိုလည်း တိုးမြှင့်နိုင်စွမ်းရှိတယ်လို့ AI² Robotics ကထုတ်ပြန်ထားပါတယ်။

**Ref: IE**

**ကိုထက်**



# MILITARY

## ၄ မဂ္ဂါတန်ပေါက်ကွဲအားနဲ့အတူ မိုင် ၇၄၀၀ ရှိပစ်မှတ်ကိုချေမှုန်းမယ့် တိုက်ချင်းပစ်ဒုံးကျည် DF-5




တရုတ်နိုင်ငံပိုင်သတင်းဌာနတစ်ခုဖြစ်တဲ့ CCTV က တရုတ်တပ်မတော်က ပိုင်ဆိုင်ထားတဲ့ နျူကလီးယားထိပ်ဖူးတပ် တိုက်ချင်းပစ်ဒုံးကျည်တစ်မျိုးရဲ့ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်လိုက်ပါတယ်။ ဒီလိုမျိုးထုတ်ဖော်မှုဟာ တရုတ်နိုင်ငံအတွက် ပထမဆုံးလည်းဖြစ်ပါတယ်။ အခုအသေးစိတ်အချက်အလက်တွေထွက်ပေါ်လာတဲ့ဒုံးကျည်က DF-5 အမျိုးအစားဒုံးကျည်ပါ။

DF-5 ဒုံးကျည်က တရုတ်နိုင်ငံရဲ့ ပထမမျိုးဆက် မဟာဗျူဟာမြောက်တိုက်ချင်းပစ်ဒုံးကျည်ဖြစ်ပါတယ်။ ၁၉၇၀ ပြည့်နှစ်အလွန်ကာလများမှာထုတ်လုပ်ပြီး ၁၉၈၁ ခုနှစ်မှာစတင်အသုံးပြုခဲ့တာပါ။ သူက အဆင့်နှစ်ဆင့်ပါဒုံးကျည်ဖြစ်ပြီး နျူကလီးယားထိပ်ဖူးတစ်ခုတည်းကိုသာသယ်ဆောင်နိုင်ပါတယ်။ ဒါပေမဲ့ သူသယ်ဆောင်နိုင်တဲ့ နျူကလီးယားထိပ်ဖူးရဲ့ပေါက်ကွဲအားက တီအန်တီယမ်း ၄ မဂ္ဂါတန်ပေါက်ကွဲအားနဲ့ညီမျှပါတယ်။ ဒီပမာဏက ဟီရိုရှီးမားမှာပေါက်ကွဲခဲ့တဲ့ အက်တမ်ဗုံးရဲ့ပေါက်ကွဲအားထက် အဆ ၂၀၀ နီးပါးပိုများပါတယ်။

ဒါ့အပြင် သူ့ရဲ့ထိရောက်အကွာအဝေးက မိုင်ပေါင်း ၇၄၀၀ ကျော်ရှိတာကြောင့် တရုတ်နိုင်ငံကနေဆိုရင် အမေရိကန်က DF-5 ဒုံးကျည်ရဲ့ပစ်ကွင်းအတွင်းရောက်ရှိနေပါတယ်။

**Ref: IE**

**ကိုထက်**

## ရေမြှုပ်မိုင်းများကိုရှင်းမယ့် ရဟတ်ယာဉ်မှပစ်နိုင်တဲ့ဒုံးကျည်များ



အမေရိကန်ရေတပ်က သူတို့ရဲ့ရေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းကို ပိုမိုအောင်မြင်စွာလုပ်ဆောင်နိုင်စေဖို့ BAE Systems ကုမ္ပဏီကို ဒေါ်လာ ၁၀ သန်းခွဲတန်ဖိုးရှိတဲ့ ကန်ထရိုက်တစ်ခုပေးလိုက်ပါတယ်။ အဲဒီကန်ထရိုက်က ဝေဟင်မှနေပြီးမိုင်းများကို ရှင်းလင်းမယ့်စနစ်ကိုဖန်တီးဖို့ပါ။ အဲဒီစနစ်ကိုတော့ Archerfish လို့အမည်ပေးထားပါတယ်။

ဒီစနစ်က ဗြိတိန်တော်ဝင်ရေတပ်မှာအသုံးပြုဖို့ BAE Systems ကဖန်တီးပေးထားတဲ့စနစ်ဖြစ်ပြီး အခုစနစ်မှာတော့ မူလကထက်အမြန်နှုန်းနဲ့တိကျမှုနှုန်း ၄ ဆကျော်ပိုမြင့်တဲ့ ရေမြှုပ်မိုင်းဖျက်ဆီးရေးဒုံးကျည်များပါဝင်မှာဖြစ်ပါတယ်။ အဲဒီဒုံးကျည်များကို ရဟတ်ယာဉ်ပေါ်မှာတင်ဆောင်ကာ ပစ်ခတ်နိုင်မှာဖြစ်ပြီး ၂၀၂၇ ခုနှစ်မှာ အပြီးသတ်နိုင်ဖို့မျှော်မှန်းထားပါတယ်။

**Ref: IE**

**ကိုထက်**

## ထိပ်ဖူး ၉၆ ခုတင်ပြီးကင်းလှည့်မယ့် Knyaz Pozharsky

ရုရှားတပ်မတော်က သူတို့ရဲ့အာတိတ်ဒေသမှာ နျူကလီးယားအဟန့်အတားအင်အားကိုတိုးမြှင့်တဲ့အနေနဲ့ Borei-A အတန်းအစား နျူကလီးယားစွမ်းအင်သုံး အမြင့်ပျံဒုံးကျည်တင် ရေငုပ်သင်္ဘောတစ်စင်းဖြစ်တဲ့ Knyaz Pozharsky ကိုမကြာသေးမီက တပ်တော်သွင်းလိုက်ပါတယ်။



Delta III၊ Delta IV နဲ့ Typhoon အတန်းအစားသက်တမ်းရင့်ရေငုပ်သင်္ဘောများ နေရာမှာအစားထိုးမယ့် Borei-A များက ယခင်ကထက် ပိုမိုအဆင့်မြင့်တဲ့အပြင် သူ့မှာ RSM-56 Bulava တိုက်ချင်းပစ်ဒုံးကျည် ၁၆ စင်းကိုတပ်ဆင်ထားပါတယ်။ ဒုံးကျည်တစ်စင်းစီက နျူကလီးယားထိပ်ဖူး ၆ ခုစီကို သယ်ဆောင်နိုင်တာကြောင့် Knyaz Pozharsky က နျူကလီးယားထိပ်ဖူး ၉၆ ခုကိုတင်ပြီး အာတိတ်ဒေသမှာ ကင်းလှည့်နေတော့မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ထိုင်းနိုင်ငံက ခရီးသွားများသောနေရာများတွင် ဒရုန်းများအသုံးပြုကင်းလှည့်မည်

**ဘန်ကောက်၊ လုံခြုံရေး**

ထိုင်းနိုင်ငံအစိုးရသည် နိုင်ငံအတွင်းရှိ ခရီးသွားများ အများဆုံးလာရောက်လည်ပတ်လေ့ရှိသောနေရာများတွင် AI နည်းပညာအသုံးပြုထားသည့် ဒရုန်းများသုံး၍ ကင်းလှည့်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

ထိုဒရုန်းများဖြင့် ရာဇဝတ်သားများနှင့် ဗီဇာသက်တမ်းလွန်နေထိုင်သူများကို ရှာဖွေထောက်လှမ်းမှုများလုပ်ဆောင်သွားမည်ဖြစ်သည်။ ထိုင်းနိုင်ငံအတွင်း အများပြည်သူများ၏လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်မှုများမြင့်တက်လာနေစဉ် ယခုအစီအစဉ်ကို အကောင်အထည်ဖော်ရန်စီစဉ်လာခြင်းဖြစ်သည်။

ယင်းဒရုန်းများကို ဗဟိုကထိန်းချုပ်မှုရှိသည့် AI အချက်အလက်စင်တာနှင့်ချိတ်ဆက်ထားမည်ဖြစ်ပြီး ဒရုန်းများတွင်ပါဝင်သောကင်မရာများက လူအုပ်ကြားထဲတွင်ရှိနေသူများကိုစကန်ဖတ်ကာ ဖမ်းဝရမ်းထုတ်ခံထားရသူများ၊ ဗီဇာသက်တမ်းလွန်နေသူများ၏အချက်အလက်များနှင့်တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်သည်။



ထိုင်းနိုင်ငံ၏နာမည်ကျော်အပန်းဖြေစခန်းမြို့တစ်ခုဖြစ်သည့် ပတ္တယားမြို့၌ ရုရှားနိုင်ငံသားနှစ်ဦး တိုက်ခိုက်လုယက်ခံရမှုမှ ပြစ်မှုကျူးလွန်သူများကို ဇွန်လ ၉ ရက်တွင်ဖမ်းဆီးနိုင်ပြီးနောက် ယခုအစီအစဉ်ကိုအကောင်အထည်ဖော်ရန် အစိုးရကစီစဉ်လာခြင်းဖြစ်သည်။

ထိုကဲ့သို့ ခရီးသွားများတိုက်ခိုက်ခံရမှုကြောင့် ပတ္တယားမြို့သည် ယခင်ကကဲ့သို့ လုံခြုံအေးချမ်းမှုမရှိတော့ကြောင်း၊ အချို့ကဒင်းတို့အနေဖြင့် ပတ္တယား၌ညဘက်လမ်းလျှောက်ထွက်ခြင်းပင် မလုပ်ရဲတော့ကြောင်း ပြည်သူများကအွန်လိုင်းတွင် ဝေဖန်မှုများလုပ်ဆောင်လာသည်ကိုတွေ့ရသည်။

**Ref: SCMP**

# အိန္ဒိယ၌ အပူလှိုင်းကြောင့် အပူချိန် ၄၇ ဒီဂရီစင်တီဂရိတ်ကျော်အထိမြင့်တက်



**နယူးဒေလီ၊ ရာသီဥတု**

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဒေသအများအပြားတွင် မထိန်းချုပ်နိုင်သောအပူလှိုင်းကြောင့် နေ့အပူချိန်များသည် ၄၇ ဒီဂရီစင်တီဂရိတ်ကျော်သည်အထိ မြင့်တက်လာကြောင်းနှင့် ထိုသို့အပူချိန်မြင့်တက်လာသည့်အတွက် ကျန်းမာရေးပြဿနာများကိုလည်းရင်ဆိုင်ရနိုင်ကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

ရာဂျက်စသန်ပြည်နယ်ရှိ ဆရီဂန်ဂါနာဂါမြို့၏နေ့အပူချိန်မှာ ဇွန်လ ၉ ရက်တွင် ၄၇ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ရှိကြောင်းနှင့်ထိုမြို့၏စံချိန်တင်အပူချိန်မှာ ၅၁ ဒီဂရီဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ဇွန်လ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုကဲ့သို့အပူချိန်များမြင့်တက်လာမှုသည် နွေရာသီရောက်သည့်အတွက် ဖြစ်ပေါ်လာခြင်းဖြစ်သော်လည်း ကျန်းမာရေးဌာနများအတွက် စိန်ခေါ်မှုမြင့်တက်လာစေသည်။ မြင့်မားသောအပူချိန်နှင့်အချိန်ကြာမြင့်စွာထိတွေ့မိပါက အပူလျှပ်ခြင်းကို အများဆုံးဖြစ်ပေါ်စေပြီး အထူးသဖြင့် ပြင်ပတွင် အလုပ်လုပ်နေရသူများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများတွင် ထိုဝေဒနာကိုပိုမိုခံစားရနိုင်သည်။

ပြီးခဲ့သည့်နှစ်တွင် လပေါင်းများစွာကြာမြင့်သည့် အပူလှိုင်းဖြတ်သန်းမှုကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်း၌ လူ ၁၀၀ ကျော်သေဆုံးကာ လူပေါင်း ၄၀၀၀၀ ကျော်မှာ အပူလျှပ်သည့်ဝေဒနာကိုခံစားခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မိုးလေဝသဌာနက ရာဂျက်စသန်၊ ဥတ္တာပရာဒေ့ရှ်၊ ဟာယာနာနှင့် နယူးဒေလီတို့၌ လာမည့်ရက်များအတွင်း အပူလှိုင်းဖြတ်သန်းမှုဖြစ်ပေါ်နိုင်သည့် သတိပေးချက်တစ်ခုထုတ်ပြန်ထားကြောင်း သိရသည်။

**Ref: SCMP**

# အီရန်က IS စစ်သွေးကြွအဖွဲ့ဝင်ကိုးဦးကို ကွပ်မျက်

**တီဟီရန်၊ ပြည်တွင်းရေး**

အီရန်အစိုးရက ၂၀၁၈ ခုနှစ်တွင်ဖြစ်ပွားသော တော်လှန်ရေးအစောင့်တပ်ဖွဲ့များအပေါ်တိုက်ခိုက်မှုနှင့်ပတ်သက်၍ IS စစ်သွေးကြွအဖွဲ့ဝင်ကိုးဦးကို ကွပ်မျက်လိုက်ပြီဖြစ်ကြောင်း ဇွန်လ ၁၀ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုစစ်သွေးကြွအဖွဲ့ဝင်များကိုကွပ်မျက်ရန် အီရန်တရားရုံးချုပ်က ဇွန်လ ၁၀ ရက်တွင်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း Mizan သတင်းဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

၂၀၁၈ ခုနှစ်တွင် နိုင်ငံအနောက်ပိုင်း၌ဖြစ်ပွားသော စစ်သွေးကြွများ၏တိုက်ခိုက်မှုအတွင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးကာ အများအပြားဒဏ်ရာရရှိသည်။ ထို့နောက် တာဝန်ရှိသူများက စစ်သွေးကြွများပုန်းခိုရာနေရာရှိ ပတ်ဝန်းကျင်တစ်ဝိုက်ကိုပိတ်ဆို့ပြီး ရှာဖွေမှုများလုပ်ဆောင်ရာ စက်သေနတ်တစ်လက်နှင့်အတူ လက်ပစ်ဗုံးအလုံး ၅၀ အပါအဝင် တိုက်ခိုက်ရေးလက်နက်များသိမ်းဆည်းရမိကြောင်း ထုတ်ပြန်ထားသည်။

IS စစ်သွေးကြွအဖွဲ့သည် အီရန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများစွာကိုလုပ်ဆောင်ထားရာ ထိုအထဲ၌ ၂၀၂၄ ခုနှစ်တွင် လူပေါင်း ၉၄ ဦးသေဆုံးရသည့် အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ခုလည်းပါဝင်ကြောင်း သိရသည်။

**Ref: SCMP**

# ကယ်လီဖိုးနီးယားပြည်နယ်က ထရမ့်အစိုးရကိုတရားစွဲ

**ဆာခရာမန်တို၊ ပြည်တွင်းရေး**

အမေရိကန်ပြည်ထောင်စုရှိ ကယ်လီဖိုးနီးယားပြည်နယ်က သမ္မတ ဒေါ်နယ်ထရမ့်၏အစိုးရအဖွဲ့ကို ဇွန်လ ၉ ရက်တွင် တရားစွဲဆိုလိုက်ကြောင်းသိရသည်။ လော့အိန်ဂျလိမြို့၌ဖြစ်ပွားနေသော ဆူပူဆန္ဒပြမှုများကိုထိန်းသိမ်းရန် ထရမ့်အစိုးရအဖွဲ့က အမျိုးသားအစောင့်တပ်ဖွဲ့ကိုစေလွှတ်မှုနှင့်ပတ်သက်၍ ကယ်လီဖိုးနီးယားပြည်နယ်က တရားစွဲဆိုခြင်းဖြစ်သည်။

ထရမ့်အစိုးရအဖွဲ့က နိုင်ငံအတွင်းရှိ တရားမဝင်နေထိုင်သူများကို ဖမ်းဆီးနှင်ထုတ်ရန်လုပ်ဆောင်နေစဉ်လော့အိန်ဂျလိမြို့၌ ဆန္ဒပြမှုများဖြစ်ပွားရာမှ ဆူပူမှုအထိရောက်ရှိလာသည့်အတွက် ထိုပဋိပက္ခကို ထိန်းသိမ်းရန် အမျိုးသားအစောင့်တပ်ဖွဲ့ကိုစေလွှတ်လိုက်ခြင်းဖြစ်သည်။

သို့သော် အမျိုးသားအစောင့်တပ်ဖွဲ့ကိုစေလွှတ်ခြင်းသည် တရားမဝင်ကြောင်းနှင့် မလိုအပ်သည့်ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ ယင်းကြောင့်မလိုလားအပ်သည့် ပဋိပက္ခအခြေအနေများကို ပိုမိုမြင့်တက်လာစေခြင်းဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်ရှေ့နေချုပ်တို့ကပြောထားသည်။

အဆိုပါတရားစွဲဆိုမှုတွင် သမ္မတ ဒေါ်နယ်ထရမ့်၊ ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေကိုချိုးဖောက်မှု၊ အခန်း(၁၀) တွင်ပါဝင်သော သမ္မတ၏လုပ်ပိုင်ခွင့်ကို ကျော်လွန်လုပ်ဆောင်မှုတို့ဖြင့် တရားစွဲဆိုထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Xinhua**

## သတင်းတိုများ

### ဩစတြီးယား၌ စာသင်ကျောင်းတွင် သေနတ်ပစ်ခတ်မှုကြောင့် လူ ၁၀ ဦး သေဆုံး

**ဗီယင်နာ၊ မှုခင်း**

ဩစတြီးယားနိုင်ငံ၏ဒုတိယအကြီးဆုံးမြို့ဖြစ်သော ဂရတ်မြို့ရှိစာသင်ကျောင်းတစ်ကျောင်း၌ ဇွန်လ ၁၀ ရက်တွင် သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားရာ အနည်းဆုံးလူ ၁၁ ဦးသေဆုံးကြောင်း တာဝန်ရှိသူများ၏ထုတ်ပြန်ချက်ကိုကိုးကား၍ ပြည်တွင်းသတင်းဌာနများကဖော်ပြထားသည်။

အဆိုပါပစ်ခတ်မှုတွင် ကနဦးသေဆုံးသူ ၁၀ ဦးရှိပြီး အမျိုးသမီးခြောက်ဦး၊ အမျိုးသားသုံးဦးနှင့် အသက် ၂၁ နှစ်ရှိပစ်ခတ်မှုကျူးလွန်သူကျောင်းသားဟောင်းတစ်ဦးတို့ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများအနက် နောက်တစ်ဦးမှာ ဆေးရုံတွင်သေဆုံးသွားကြောင်း သတင်းဌာနများကဖော်ပြထားသည်။

ယခုဖြစ်ပွားသည့်ပစ်ခတ်မှုသည် ဩစတြီးယားနိုင်ငံ၏သမိုင်းတစ်လျှောက်တွင် အဆိုးဆုံးသောရာဇဝတ်မှုတစ်ခုဖြစ်သည်။ ဂရတ်မြို့သည် ကောလိပ်လေးခုနှင့် တက္ကသိုလ်လေးခုတည်ရှိသည့်အတွက် ပညာရေးမြို့တော်ဟုပင် တင်စားခေါ်ဝေါ်ခံထားရကြောင်းသိရသည်။

**Ref: Xinhua**

### ပြင်သစ်နိုင်ငံရှိ ကျောင်းတစ်ကျောင်းတွင် အသက် ၁၄ နှစ်ရှိ ကျောင်းသားတစ်ဦးက ဓားထိုးတိုက်ခိုက်

**ပဲရစ်၊ မှုခင်း**

ပြင်သစ်နိုင်ငံရှိ အလယ်တန်းကျောင်းတစ်ကျောင်း၌ ဇွန်လ ၁၀ ရက်တွင် ဆရာမတစ်ဦးက ပုံမှန်အတိုင်းလွယ်အိတ်များကိုစစ်ဆေးစဉ် အသက် ၁၄ နှစ်ရှိ ကျောင်းသားတစ်ဦးက ဓားထိုးတိုက်ခိုက်မှုကို ကျူးလွန်လိုက်ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်သည် ဥထမန်းနယ်မြေ၌ဖြစ်ပွားခြင်းဖြစ်ပြီး တိုက်ခိုက်ခံရသည့် ဆရာမကို ဆေးရုံသို့အမြန်ဆုံးပို့ဆောင်ခဲ့သော်လည်း ရရှိသည့်ဒဏ်ရာများဖြင့်ပင် သေဆုံးသွားခြင်းဖြစ်သည်။ ထို့ပြင် တိုက်ခိုက်သူကိုဖမ်းဆီးရာတွင်ပါဝင်သည့် အစောင့်ရဲတစ်ဦးသည်လည်း ဒဏ်ရာရရှိသွားသည်ဟု ပြည်တွင်းသတင်းဌာနတစ်ခုကဖော်ပြထားသည်။

ပြင်သစ်နိုင်ငံတစ်ဝန်း၌ ဓားထိုးတိုက်ခိုက်မှုများဖြစ်ပွားလာနေစဉ် ကျောင်းသားများ၏လွယ်အိတ်များကို ရှာဖွေမှုများလုပ်ဆောင်လာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးကပြောထားသည်။

**Ref: RT**

# ရွေးကောက်ပွဲအောင်မြင်ရေးအတွက် မဲစာရင်းမှန်ကန်ရေးသည် အခြေခံအကျဆုံးလုပ်ငန်းများဖြစ်ရာ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး အလေးထားကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅) ကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။






ဦးစွာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင် စာရင်းတိကျမှန်ကန်စေရန် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်း အချက်အလက်များ ပြည့်စုံမှန်ကန်ရန် လိုအပ်ကြောင်း၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာတွင် မိမိတို့ဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများ၌ ရှိသည့် ရုံးလက်ခံ အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များကို တစ်အိမ်တက်ဆင်းကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

သို့ရာတွင် မြေပြင်တွင် နေထိုင်ခြင်းမရှိသော်လည်း ရုံးလက်ခံအိမ်ထောင်စုစာရင်းတွင် ပယ်ဖျက်ထားခြင်းမရှိသူများ၊ လူတစ်ဦးတည်းက အိမ်ထောင်စု လူဦးရေစာရင်းတစ်ခုထက်မကပါဝင်နေသူများ၊ လူတစ်ဦးတည်းက နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်မက ကိုင်ဆောင်ထားသူများ ပါဝင်နေကြောင်း၊ ရုံးလက်ခံအိမ်ထောင်စုလူဦးရေစာရင်းတွင် မပါဝင်သူများကိုလည်း ယာယီအိမ်ထောင်စုလူဦးရေစာရင်းဖြင့် စာရင်းကောက်ယူခဲ့ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်အရ သတ်မှတ်ထားသည့် သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မှု (De Facto Method) ဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း နေထိုင်သူများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ စာရင်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ မြေပြင်ကွင်းဆင်းအတည်ပြုလူဦးရေစာရင်းနှင့် သန်းခေါင်စာရင်းလူဦးရေသည် ကာလအားဖြင့် (၂) နှစ်ခန့် ကွာခြားနေပြီဖြစ်ရာ လူဦးရေကွာဟချက်အခြေအနေများကို သိရှိနိုင်ရေးနှင့် အချက်အလက်ပိုမိုပြည့်စုံမှန်ကန်စေရေးအတွက် အဆိုပါစာရင်းနှစ်ခုကို မြို့နယ်အဆင့်မှသည် အခြေခံကျကျအဆင့်ဆင့် စနစ်တကျ နှိုင်းယှဉ်သုံးသပ်တိုက်ဆိုင်စိစစ်၍ မဲစာရင်းတိကျမှန်ကန်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် အတည်ပြုလူဦးရေစာရင်းများအချိန်မီပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပန်းခင်းစီမံချက် အဆင့်(၃) အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းများအချိန်မီ ပြီးစီးရေးအတွက် ဌာနအလိုက် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိမိတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အခြေခံကျသည့် မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးတို့အတွက် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ပြောကြားခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့်နေပြည်တော်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီး/ ပြည်နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက သက်ဆိုင်ရာနယ်မြေများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြကြောင်းသိရသည်။ **မြဝတီ**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇွန်လ ၅ ရက်**တွင် အောင်မြေသာစံမြို့နယ်၊ အမရဌာနီ(အရှေ့)ရပ်ကွက်၌ တရားမဝင် အခြားသစ် (သုညဒသမ ၂၈၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၈၈၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ အမရပူရမြို့နယ်၊ ရတနာပုံတံတား (နှာပေါက်)စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၄၁)ပီပါ၊ ဓာတ်ဆီ (၂) ပီပါ(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၃၁၉၅၇)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **ဇွန်လ ၉ ရက်**တွင် ဟန်မြင့်မိုရ်-ရွှာငံလမ်း၊ ဆင်ခေါင်းတောင်အနီး၌ ကျင်စန်းကျော့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၉)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၄၅၆၆၅၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၃)စီး၊ Scania Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၀၀၀၀၀၀)နှင့် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း(၁၆)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၀၀၈၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၂၂၈၂၈၇)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၆ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၌ တရားမဝင်ကျွန်းသစ်(သုညဒသမ ၂၂၂)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀)** ကို သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၈ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စခတ(၈)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ (၆၉၈)ပီပါ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၄၇၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဇွန်လ ၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sunlong Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၄၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘီးလင်းတိုးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၃)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး၊ Hyundai Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့၊ မြေနီကုန်းကားဝင်း၊ GI ကားဂိတ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၉၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၇)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး**(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၆၀၈၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဇွန်လ ၁၀ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ သီတာအေးတာဆုံ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၁၆) ပီပါ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၉၃၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဇွန်လ ၉ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၃၀)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၆၉)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်၊ ၆ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၂၇၁၈၈၇)**ကို ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **မြဝတီ**

# ရှေးအစဉ်အလာမှ ယနေ့ထိတိုင် ကမ္ဘာ့ကျန်းမာရေးခြိမ်းခြောက်မှု ထောင့်သန်း (Anthrax)ရောဂါ

ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)

ထောင့်သန်း (Anthrax) ရောဂါသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကတည်းက လူနှင့်တိရစ္ဆာန်များကို ဒုက္ခပေးခဲ့သော ရှေးကျသည့်ရောဂါ (Ancient Disease) ဖြစ်သော်လည်း ယနေ့ ၂၁ ရာစုတွင်ပင် ကမ္ဘာ့နေရာအများအပြားတွင်ထိုးရိမ်ရသောကျန်းမာရေးခြိမ်းခြောက်မှုအဖြစ်ရှိနေဆဲဖြစ်သည်။ ကမ္ဘာတစ်ဝန်းနှင့် အာရှဒေသအချို့ (အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ တူရကီနှင့် မြန်မာနိုင်ငံအပါအဝင်) တွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသည့်တိရစ္ဆာန်များတွင် အဖြစ်များသောရောဂါအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် ခြောက်သွေ့ဇုန်ဒေသများ (ဥပမာ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း) တွင် ဖြစ်ပွားလေ့ရှိသည်။ ထောင့်သန်းရောဂါ (Anthrax) သည် Bacillus anthracis ဗက်တီးရီးယားကြောင့်ဖြစ်ပွားသောကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး စားမြုံ့ပြန်သတ္တဝါများ (ဥပမာ– နွား၊ သိုး၊ ဆိတ်)တွင် အချိန်တိုအတွင်း အသက်ဆုံးရှုံးမှုများဖြစ်စေနိုင်ကာ လူသို့လည်းကူးစက်နိုင်သော (zoonosis) ရောဂါတစ်မျိုးဖြစ်သည်။ ဤဗက်တီးရီးယားပိုးမှ ထုတ်လုပ်သော အလွန်ပြင်းထန်သည့်အဆိပ်အတောက်များကြောင့် ဆိုးရွားသည့်လက္ခဏာများပေါ်ပေါက်လာပြီး အသက်ဆုံးရှုံးမှုနှုန်းအလွန်မြင့်မားသည်။ ဤရောဂါပိုး (Bacillus anthracis) သည်မျိုးစေ့ (Spores) အဖြစ် မြေကြီးအတွင်း နှစ်ပေါင်းများစွာ အသက်ရှင်နိုင်ပြီး အောက်ဆီဂျင်နှင့်ထိတွေ့ပါက Vegetative cells (အသက်ရှင်ဆဲပိုးများ)အဖြစ် ပြောင်းလဲနိုင်ပြီး လျင်မြန်စွာပွားများနိုင်သည်။ ထောင့်သန်း (Anthrax) သည် လူမှလူသို့ တိုက်ရိုက်မကူးစက်နိုင်သော်လည်း ရောဂါပိုးရှိသောတိရစ္ဆာန်များနှင့် ထိတွေ့မိပါက လူသားများတွင်ပြင်းထန်သောရောဂါလက္ခဏာများ ဖြစ်ပေါ်စေနိုင်သည်။ အထူးသဖြင့် မွေးမြူရေးလုပ်ငန်းနှင့် သက်ဆိုင်သူများ၊ ကျေးလက်ဒေသများတွင်နေထိုင်သူများသည် ပိုမိုသတိထားရန်လိုအပ်သည်။ မွေးမြူရေးနှင့်တောရိုင်းတိရစ္ဆာန်များ (အထူးသဖြင့်စားမြုံ့ပြန်သတ္တဝါများ) သည် ရောဂါပိုးဝင်ရောက်ပါက ရောဂါလက္ခဏာများ ရုတ်တရက်ပြင်းထန်စွာပေါ်ပေါက်လေ့ရှိသည်။ လူသားများတွင် အရေပြားရောဂါ (cutaneous anthrax)ကို အတွေ့များသော်လည်း အဆုတ်နှင့်အူလမ်းကြောင်းဆိုင်ရာ အန်သရက်စ်များမှာ ပိုမိုပြင်းထန်သည်။ ထောင့်သန်းရောဂါသည် လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ဆက်စပ်မှုမှတစ်ဆင့်ကူးစက်ပျံ့နှံ့သောကြောင့် (One Health) ချဉ်းကပ်မှုဖြင့်ကာကွယ်ခြင်းသည် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။ ကမ္ဘာ့လူဦးရေတိုးပွားလာမှု၊ မြို့ပြအခြေချနေထိုင်မှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့သည် တိရစ္ဆာန်မှလူသို့ကူးစက်တတ်သော ဇူနိုးတစ်ရောဂါများ(Zoonotic diseases) ပေါ်ပေါက်လာခြင်းနှင့် ပြန်လည်ထကြွလာမှုကို အရှိန်မြှင့်တင်ပေးလျက်ရှိသည်။ လွန်ခဲ့သောဆယ်စုနှစ်များအတွင်း လူသားများကို ကူးစက်ခဲ့သောရောဂါအသစ်များ၏ ၇၅ ရာခိုင်နှုန်းခန့်သည် တိရစ္ဆာန်မှလူသို့ ကူးစက်သောရောဂါများ (Zoonotic Diseases) ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှထုတ်ပြန်ထားသည်။ ဤအချက်အလက်သည် လူသားတို့၏ကျန်းမာရေးကိုကာကွယ်ရန်အတွက် တိရစ္ဆာန်များတွင်ဖြစ်ပွားသောရောဂါများကို စောင့်ကြည့်ခြင်းနှင့် ထိန်းချုပ်ခြင်း၏အရေးပါမှုကို ပေါ်လွင်စေသည်။ ထို့ကြောင့် ဇူနိုးတစ်ရောဂါများသည် တိရစ္ဆာန်ကျန်းမာရေးနှင့် လူသားကျန်းမာရေးကြားနယ်စပ်တွင်ရှိနေပြီး ရောဂါထိန်းချုပ်ရေးအောင်မြင်ရန် တိရစ္ဆာန်ကျန်းမာရေး၊ လူသားကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပေါင်းစပ်ကိုင်တွယ်ရန်လိုအပ်သည်။

**အန်သရက်စ်ရောဂါ၏ ကူးစက်ပျံ့နှံ့မှုစက်ဝန်း**

Bacillus anthracis (ထောင့်သန်းရောဂါပိုး)သည် တောရိုင်းတိရစ္ဆာန်များ၊ မွေးမြူရေး တိရစ္ဆာန်များ (နွား၊ ကျွဲ၊ သိုး၊ ဆိတ်)နှင့် သဘာဝပတ်ဝန်းကျင်အကြား ဂေဟဗေဒဆိုင်ရာ အပြန်အလှန်သက်ရောက်မှုများကြောင့် ကူးစက်ပျံ့နှံ့လေ့ရှိသည်။ Bacillus anthracis သည် သေဆုံးသောတိရစ္ဆာန်၏ခန္ဓာကိုယ်အတွင်း အောက်ဆီဂျင်မရှိသောအခြေအနေတွင် spores အဖြစ်သို့ ပြောင်းလဲသွားသည်။ တိရစ္ဆာန်သေဆုံးပြီး ဆွေးမြည့်သောအခါ spores များကို သွေး၊ lymph အရည်၊ တစ်သျှူးအရည်များမှတစ်ဆင့် မြေဆီလွှာထဲသို့ ပြန်လည်ထုတ်လွှတ်လိုက်သည်။ Bacillus anthracis ၏ sporulation (spores အဖြစ် ပြောင်းလဲခြင်း) နှင့် သဘာဝပတ်ဝန်းကျင်တွင် ကြာရှည်စွာအသက်ရှင်နိုင်မှုသည် ထောင့်သန်း (Anthrax) ရောဂါကို ထိန်းချုပ်ရခက်စေသော အဓိကအကြောင်းရင်းဖြစ်သည်။

**မြေဆီလွှာနှင့် ရာသီဥတု**

Bacillus anthracis ဗက်တီးရီးယား၏စပိုး (spores)များသည် Exosporium, Coat, Cortex စသည့် အလွှာများပါသဖြင့် ပြင်ပပတ်ဝန်းကျင်ဒဏ်ကို အလွန်ခံနိုင်ရည်ရှိပြီး ခြောက်သွေ့သောဒေသများ (ဥပမာ သဲကန္တာရ)နှင့် ရေဝပ်ဒေသများ (ဥပမာ ရွှံ့ညွန်မြေ၊ စိုစွတ်သောမြေပြင်)တွင် နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်များစွာ အသက်ရှင်နိုင်သည်။ အပူချိန်မြင့်မားခြင်း (40–60°C) နှင့် ခြောက်သွေ့မှုကိုခံနိုင်ရည်ရှိသည်။ မိုးသည်းထန်စွာ ရွာသွန်းပါက မြေဆီလွှာမှ spores များ မြေမျက်နှာပြင်ပေါ်သို့ ရောက်ရှိလာပြီး စားကျက်များ၊ ရေစည်များတွင်စုပုံနိုင်သည်။ တိရစ္ဆာန်များစားသုံးမိပါက အစာခြေလမ်းကြောင်း အန်သရက်စ် (Gastrointestinal Anthrax)ဖြစ်နိုင်သည်။ ရေလွှမ်းမိုးမှုကြောင့် spores များ ပိုမိုပျံ့နှံ့ကာ ကူးစက်ရောဂါဖြစ်ပွားမှု (Outbreak) ဖြစ်နိုင်သကဲ့သို့ ပူပြင်းခြောက်သွေ့သောရာသီတွင် spores များသည် လေထုထဲတွင် လွင့်မျောနိုင်ပြီး အသက်ရှူလမ်းကြောင်း အန်သရက်စ် (Inhalation Anthrax) ကို ဖြစ်စေနိုင်သည်။

**တိရစ္ဆာန်များ၏အပြုအမူနှင့် ထောင့်သန်း (Anthrax) ကူးစက်မှု**

ကျွဲ၊ နွားများသည် မြက်စားသည့်အခါ spores များပါဝင်သောမြေမှုန့်များကို အလွယ်တကူ ရှူရှိုက်မိနိုင်သည်။ ရောဂါပိုးရှိသော မြေ၊ စားကျက်မှ မြက်၊ အစာ၊ ရေ စားသောက်မိခြင်း၊ ရောဂါပိုးပါရှိသည့် လေကိုရှူမိခြင်းဖြင့် တိရစ္ဆာန်သို့ကူးစက်နိုင်သည်။ မိုးဦးကျကာလနှင့် ရောဂါဖြစ်ဖူးသောဒေသများတွင် အထူးသတိထားကာကွယ်ရန် လိုအပ်သည်။ သေဆုံးသွားသောတိရစ္ဆာန်များကို စားသောက်သည့် အသားစားသတ္တဝါများ (ဥပမာ – ခွေး၊ ကြောင်နှင့် ကြောင်ရိုင်းများ)မှတစ်ဆင့် ရောဂါပျံ့နှံ့နိုင်သည်။ Bacillus anthracis သည် အသက်ရှင်နေသော တိရစ္ဆာန်၏ခန္ဓာကိုယ်အတွင်း ပုံမှန်အားဖြင့် vegetative cells (အသက်ရှင်ဆဲပိုးများပုံစံ)အဖြစ်ရှိနေပြီး သွေးနှင့် တစ်သျှူးများတွင် ကြီးထွားသည်။ ဤအဆင့်တွင် ဗက်တီးရီးယားများသည် Toxins ထုတ်လုပ်ခြင်းနှင့် ပွားများခြင်းကိုစတင်ပြီး ရောဂါဖြစ်စေနိုင်သည်။ လူသားများသည် ရောဂါကူးစက်ခံထားရသော တိရစ္ဆာန်၊ အသား၊ အရေခွံ၊ အမွေး၊ အရိုးများကို ကိုင်တွယ်ခြင်းတို့မှတစ်ဆင့် ကူးစက်နိုင်သည်။ တိရစ္ဆာန်များကို နှစ်စဉ်ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ရောဂါဖြစ်ပွားမှုကိုလျှော့ချနိုင်သည်။ လူသားများသည် ရောဂါအတွက် အဆုံးသတ်လက်ခံသူ (dead–end host) ဖြစ်ပြီး လူမှလူသို့ ကူးစက်မှုမတွေ့ရသေးပါ။ လူသားများတွင်တွေ့ရသော ရောဂါအမျိုးအစားများမှာ–

**(၁) အရေပြားထောင့်သန်းရောဂါ (Cutaneous anthrax)**

- ဖြစ်ပွားမှုအများဆုံးအမျိုးအစားဖြစ်သည်။
- လူ့ခန္ဓာကိုယ်အရေပြားရှိ ပြတ်ရှဒဏ်ရာ၊ အနာများအတွင်းသို့ ရောဂါပိုးဝင်ရောက်၍ ဖြစ်ပွားသည်။
- ရောဂါပိုးဝင်ရောက်ပြီးနောက် တစ်ရက်မှ ခုနစ်ရက်အကြာတွင်ဖြစ်ပွားနိုင်သည်။
- ရောဂါလက္ခဏာများမှာ – စတင်ဖြစ်ပွားချိန်တွင် အရေပြား၌ ယားယံသည့်အရည်ကြည်ဖုများ စတင်ဖြစ်ပေါ်ပြီးနောက်ရောင်ရမ်းကာအလယ်တွင်မည်းနေသည့် အနာအဖြစ်ကျန်ခဲ့သည်။ နာကျင်မှုမရှိပါ။ ပြန်ရည်ကျိတ်များပါ ရောင်ရမ်းတတ်သည်။ မျက်နှာ၊ လည်ပင်း၊



ရင်ဘတ်နှင့်လက်များတွင်အတွေ့ရများသည်။

**(၂) အစာအိမ်အူလမ်းကြောင်းတွင်ဖြစ်ပွားသော ထောင့်သန်းရောဂါ (Gastrointestinal anthrax)**

- ရောဂါဖြစ်ပွားသည့်တိရစ္ဆာန်များ၏အသားကိုစားခြင်းဖြင့် ဖြစ်ပွားနိုင်သည်။
- ရောဂါပိုးဝင်ရောက်ပြီး တစ်ရက်မှ ခုနစ်ရက်အတွင်း ဖြစ်ပွားသည်။
- ရောဂါလက္ခဏာများမှာ–ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းလျှောခြင်း၊ သွေးအန်ခြင်း၊ သွေးဝမ်းသွားခြင်းတို့ဖြစ်သည်။

**(၃) အဆုတ်တွင်ဖြစ်သော ထောင့်သန်းရောဂါ (Inhalation anthrax / Woolsorter's disease)**

- အသက်ရှူလမ်းကြောင်းမှတစ်ဆင့်ထောင့်သန်းရောဂါပိုး (Spores)များ ဝင်ရောက်ခြင်းကြောင့် ဖြစ်ပွားသည်။
- စတင်ဝင်ရောက်ပြီး တစ်ပတ်မှ နှစ်လအတွင်း ဖြစ်ပွားသည်။
- ရောဂါလက္ခဏာများမှာ–လည်ချောင်းနာခြင်း၊ ဖျားခြင်း၊ နုံးခြင်း၊ ကြွက်သားများနာခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ အစာမျိုရန်ခက်ခဲခြင်းတို့ဖြစ်ပွားသည်။
- ပိုမိုဆိုးရွားလာပါက အဖျားကြီးပြီး အသက်ရှူခက်ခြင်း၊ သွေးအန်ခြင်း၊ ဦးနှောက်အမြှေးပါး ရောင်ခြင်းတို့အထိဖြစ်ပွားပြီး အသက်ဆုံးရှုံးနိုင်သည်။

**တိရစ္ဆာန်များအား ကာကွယ်ဆေးထိုးနှံခြင်း**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ လမ်းညွှန်ချက်အရ မွေးမြူရေးတိရစ္ဆာန်များတွင်ထောင့်သန်း (Anthrax) ရောဂါကိုထိန်းချုပ်ရန် အထိရောက်ဆုံးနည်းလမ်းမှာ ကာကွယ်ဆေးထိုးနှံခြင်းဖြစ်သည်။ ထောင့်သန်းရောဂါကူးစက်မှုကိုကာကွယ်ရန်နှင့် တိရစ္ဆာန်များအကြား အုပ်စုလိုက်ကိုယ်ခံအား (herd immunity) ဖြစ်ပေါ်စေရန် မွေးမြူရေးတိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များ အကောင်အထည်ဖော်ရန် အရေးကြီးသည်။ အထူးသဖြင့် ထောင့်သန်း(Anthrax)ရောဂါ အမြဲဖြစ်ပွားနေသောဒေသများတွင် ပုံမှန်ကာကွယ်ဆေးထိုးခြင်းသည် အရေးကြီးသည်။ ကျေးလက်ဒေသရှိကျွဲ၊ နွား၊ ဆိတ်စသော အိမ်မွေးတိရစ္ဆာန်များကို နှစ်စဉ်ထောင့်သန်းရောဂါကာကွယ်ဆေးထိုးပေးခြင်းဖြင့် ရောဂါကူးစက်မှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။ တိရစ္ဆာန်များတွင်ကာကွယ်ဆေးထိုးနှံခြင်းသည် လူသားများအတွက် ကူးစက်မှုအန္တရာယ်ကို အထိရောက်ဆုံးလျှော့ချနိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်သော ကျွဲ၊ နွား ထောင့်သန်းရောဂါကာကွယ်ဆေး (Anthrax Vaccine for Cattle and Buffalo)**

ကျွဲ၊ နွားများကို ထောင့်သန်း (Anthrax) ရောဂါမှ ကာကွယ်ပေးသည့် ပိုးအရှင်ဖြင့်ထုတ်လုပ်ထားသည့် ကာကွယ်ဆေးဖြစ်သည်။

**ဖော်စပ်ပုံ**

ရောဂါဖြစ်ပွားမှုအားပျော့သော ပိုးအရှင်၏စပိုး Bacillus anthracis (Mukteswar Strain)ကို Saponin ပါဝင်ဖျော်စပ်ထားပြီး မူမှန်ဂလစ်စရင်းဆားရည်တွင် သတ်မှတ်ထားသည့် ပိုးအရေအတွက် စံနှုန်းကိုက်ညီအောင်ထည့်သွင်းဖော်စပ်ထားသည့်ဆေးဖြစ်သည်။

**ဆေးအညွှန်း**

ကျွဲ၊ နွားများအား ထောင့်သန်းရောဂါမှကာကွယ်ရန် အသုံးပြုသောဆေးဖြစ်သည်။ ခြောက်လနှင့်အထက် ကျန်းမာသော ကျွဲ၊ နွားများကို ထိုးနှံပေးနိုင်သည်။ ရောဂါဖြစ်ပွားသောဒေသများတွင် နှစ်စဉ် တစ်နှစ်တစ်ကြိမ်မှန်မှန်ထိုးပေးရန်လိုအပ်သည်။

**အသုံးပြုပုံ**

ဆေးမထိုးမီပုလင်းကိုသေချာစွာလှုပ်ပါ။ ကျွဲ၊ နွားတစ်ကောင်လျှင် 1CC နှုန်းဖြင့် အရေပြားအောက်သို့ ထိုးနှံပေးရမည်။

**သိမ်းဆည်းခြင်း**

အပူချိန် (၂–၈) ဒီဂရီစင်တီဂရိတ်ရှိရေခဲသေတ္တာတွင် သိမ်းဆည်းပါ။

**စာမျက်နှာ ၂၆ သို့** ●

● စာမျက်နှာ ၂၅ မှအဆက်

**ပြည်သူလူထုအား အသိပညာပေးခြင်း**

ကျေးလက်ဒေသများရှိ လယ်သမားများ၊ တိရစ္ဆာန်မွေးမြူသူများ၊ ကျန်းမာရေးဝန်ထမ်းများ ထောင့်သန်းရောဂါကူးစက်နိုင်ခြေမြင့်မားသော ပြည်သူများအား ထောင့်သန်း(Anthrax)ရောဂါ၏ လက္ခဏာများ၊ ရောဂါကူးစက်နိုင်သော လမ်းကြောင်းများနှင့် ကာကွယ်ရေးနည်းလမ်းများကို ပညာပေးအစီအစဉ်များဖြင့် အသိပညာမြှင့်တင်ရန် အရေးကြီးသည်။

**စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်း (Active Surveillance System)**

ထောင့်သန်း (Anthrax)ရောဂါ၏ ကူးစက်မှုကို အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်ခြင်းသည် ရောဂါထိန်းချုပ်ရေးအတွက် အဓိကအချက်ဖြစ်သည်။ ရောဂါဖြစ်ပွားဖူးသောဒေသများ (Previous Outbreak Areas)၊ တိရစ္ဆာန်မွေးမြူရေးဇုန်များ (Livestock Farming Zones)၊ ရာသီဥတုပူပြင်းပြီး မြေဆီလွှာခြောက်သွေ့သောဒေသများ (Arid and Semi–Arid Regions)နှင့် နယ်စပ်ဒေသများ (Border Areas with Weak Veterinary Controls)တွင် စောင့်ကြည့်စနစ်များထူထောင်ရန် လိုအပ်သည်။ လူသားများအား ကူးစက်မှုမဖြစ်မီ ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်များထဲမှ Bacillus anthracis (spores)များကို စောစီးစွာရှာဖွေဖော်ထုတ်နိုင်သည့် အဆင့်မြင့်ရောဂါရှာဖွေရေးနည်းပညာအသုံးပြုခြင်းများ ပါဝင်သည်။ ထောင့်သန်းရောဂါပိုးသည် မြေကြီးထဲတွင် နှစ်ပေါင်းများစွာ အသက်ရှင်နိုင်သော မျိုးစေ့ (spores) အဖြစ် ရှိနေနိုင်သည်။ ထို့ကြောင့် ရောဂါဖြစ်ပွားဖူးသော ဒေသများ၊ ကျွဲ၊ နွားများ ကျက်စားရာနေရာများတွင် မြေဆီလွှာနမူနာများ ပုံမှန်ယူ၍ ဓာတ်ခွဲစစ်ဆေးခြင်း ပြုလုပ်သင့်သည်။ PCR (Polymerase Chain Reaction) နှင့် ELISA (Enzyme–Linked Immunosorbent Assay)ကဲ့သို့သော အဆင့်မြင့်ရောဂါရှာဖွေရေးနည်းပညာများဖြင့် သွေး၊ မြေနမူနာများတွင် ထောင့်သန်းရောဂါပိုးကို မြန်ဆန်စွာဖော်ထုတ်နိုင်သည်။ အထူးသဖြင့် ရုတ်တရက်သေဆုံးသော တိရစ္ဆာန်များအား ထောင့်သန်းရောဂါပိုးရှိ မရှိ စစ်ဆေးခြင်းနှင့် သေဆုံးသောတိရစ္ဆာန်များကို မြေမြှုပ်ခြင်း/ မီးရှို့ခြင်းဖြင့်ပိုးမွှားများပြန့်ပွားမှုကို ကာကွယ်နိုင်ပေသည်။

**ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း**

ထောင့်သန်းရောဂါ ကူးစက်ဖြစ်ပွားသော တိရစ္ဆာန်အသေကောင်မှ အသား၊ သွေး၊ ကိုယ်တွင်းအင်္ဂါနှင့် အရည်တို့သည် ရောဂါပိုးများပါဝင်သဖြင့် တိရစ္ဆာန်နှင့်လူတို့အတွက် အန္တရာယ်ရှိသည်။

တိရစ္ဆာန်တစ်ကောင်တွင်ထောင့်သန်းရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ၎င်းအား သတ်ဖြတ်ခြင်း၊ သွေးထုတ်ခြင်းမပြုလုပ်ရပါ။ သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အကြောင်းကြားရန်လိုအပ်သည်။ ၎င်းတိရစ္ဆာန်သေဆုံးပါက အသေကောင်အား ရွှေ့ပြောင်းခြင်း၊ အရေခွံခွာခြင်း၊ လှီးဖြတ်ခြင်း၊ တိရစ္ဆာန်အားခွဲစိတ်ခြင်း မပြုလုပ်သင့်ပါ။ တိရစ္ဆာန်အသေကောင်မှထွက်သော သွေးအားအလျင်အမြန် ပိုးသတ်ဆေးများများလောင်း၍ ပိုးသတ်ရမည်။

ထောင့်သန်းရောဂါဖြစ်ပွားသော တိရစ္ဆာန်နှင့်ထိတွေ့သောတိရစ္ဆာန်များအား သီးခြားခွဲထားပြီး သေချာစောင့်ကြည့်ရမည်။ ကူးစက်ရောဂါဖြင့်သေဆုံးသော တိရစ္ဆာန်နှင့်တကွ ၎င်း၏ အညစ်အကြေးများကို ၆ ပေအနက်ရှိ မြေကျင်းတူး၍မြေမြှုပ်ပါ။ အသေကောင်ကို ရေမြောခြင်း၊ မြစ်ချောင်းအနီး၊ ရေတွင်းရေကန်အနီး မြေမြှုပ်ခြင်းမပြုလုပ်ရ။ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်းများ၏အကူအညီကို ရယူပါ။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ထောင့်သန်း (Anthrax) ရောဂါသည် Bacillus anthracis ဗက်တီးရီးယားကြောင့်ဖြစ်သော ရှေးအကျဆုံး ဇူနိုးတစ်ရောဂါ (zoonotic disease) တစ်ခုဖြစ်ကာ လူနှင့်တိရစ္ဆာန်များကို ကူးစက်နိုင်ပြီး ရောဂါပိုးသည် မျိုးစေ့သဖွယ် (spore) အဖြစ် နှစ်ပေါင်းများစွာ မြေကြီး၊ အမွေးအမျှင်နှင့် အရေပြားတို့တွင် ရှင်သန်နိုင်ခြင်းကြောင့် စိုးရိမ်စရာကောင်းသော်လည်း ခေတ်မီသိပ္ပံနည်းကျ ကာကွယ်ထိန်းချုပ်မှုများဖြင့် ထိရောက်စွာကာကွယ်နိုင်သည်။ သို့သော် ဇီဝလက်နက်အန္တရာယ်၊ ရာသီဥတုပြောင်းလဲမှုနှင့် ကျေးလက်ဒေသများတွင် ဆင်းရဲမှုတို့ကြောင့် ထောင့်သန်း(Anthrax)သည် ၂၁ ရာစုတွင်လည်း ကမ္ဘာ့ကျန်းမာရေးအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေနိုင်သည်။ တိရစ္ဆာန်များ၊ လူသားများနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ဟန်ချက်ညီသောဆက်စပ်မှုကို ထိန်းသိမ်းခြင်းဖြင့်သာ ကမ္ဘာ့ကျန်းမာရေးအန္တရာယ်များကို လျှော့ချနိုင်မည်ဖြစ်သည်။ ။

**"ကျန်းမာသော တိရစ္ဆာန်များ = ကျန်းမာသော လူသားများ = ကျန်းမာသော ကမ္ဘာ"**

# တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၁၈ နှစ်အောက် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးအပ်ပွဲကျင်းပ



ပဲခူး ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ဥဿာမြို့သစ်(၅)ရပ်ကွက်ရှိ ပဲခူးခရိုင်အားကစားကွင်း၌ ဇွန်လ ၁၀ ရက်နံနက်ပိုင်းတွင်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၄၀၀ လေးယောက်တွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အမျိုးသားမီတာ ၈၀၀ ပြိုင်ပွဲနှင့် အမျိုးသမီး မီတာ ၈၀၀ ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး လုံးပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ လေးယောက်တွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အစိုးရအဖွဲ့တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ကြသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမျိုးသမီးတံခွန်စိုက်ပထမဆုရရှိသော ပြည်ခရိုင်အသင်းအား ဆုဖလားနှင့်ငွေသားဆုငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ အမျိုးသားတံခွန်စိုက်ပထမဆုရရှိသောပြည်ခရိုင်အသင်းအား ဆုဖလားနှင့်ငွေသားဆုငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုရရှိသော ပြည်ခရိုင်အသင်းအား စုပေါင်းတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုငွေကျပ် ၁၀ သိန်းကို လည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို ဇွန်လ ၉ ရက်မှ ၁၀ ရက်အထိကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ **၄၀၁၊ တင်စိုး(ပဲခူး)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရွှေတိဂုံစေတီတော်မြတ်ကြီး နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့) အခမ်းအနားနှင့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၀

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် နယုန်လပြည့်နေ့(မဟာသမယအခါတော်နေ့)အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များက ညှိခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား စေတီတော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော်အောင်ပွဲ အထိမ်းအမှတ် စေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၁၀၈ ပါးက ဆံတော်တိုက်ပတ်လည်နှင့် အာရုံခံတန်ဆောင်းများ၌ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြသည်။

ထို့နောက် ရွှေသင်္ကန်းလှူဒါန်းမှုအောင်ပွဲ ရေစက်ချအနုမောဒနာ မင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင်တိုးချဲ့ဓမ္မရင်ပြင် မင်္ဂလာခန်းမ၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ညှိ့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။



ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်မှုနှင့်ပတ်သက်၍ ဝမ်းသာပီတိမုဒိတာစကားမိန့်ကြားတော်မူသည်။

ယင်းနောက် တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လှရတနာဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သ.စ.အ ဓမ္မာစရိယ ဝဋ္ဋံသကာပါဠိပါရဂူစေတိယင်္ဂဏပဝရသိရီမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

မြဝတီ

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

နေပြည်တော် ဇွန် ၁၀

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ကော်မရှင်အဖွဲ့ဝင်ဦးကျော်စိုးလင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပနိုင်ခြင်းဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသည့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါပြဋ္ဌာန်းချက်များကိုသိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်စေနိုင်သော အကြောင်းအရာများကို ကြိုတင်ရှောင်ကြဉ်နိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိအမြင်၊ ဗဟုသုတများကို မိမိ၊ မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းများသို့ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုသည် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးကို ထိခိုက်စေပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကြီးမားသည့်အဟန့်အတားတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ






# ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကျင်းပ

နေပြည်တော် ဇွန် ၁၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၅ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ(သတ္တမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၇၄၂၅ ပါး/ဦးအနက် ၆၀၀၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၈၉ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**
**၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ**

ရက်စွဲ၊ ၁၀-၆-၂၀၂၅

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီး | ၇၄၂၅ | ၆၀၀၆ | ၁၄၁၉ | ၈၀.၈၉ |
| | စုစုပေါင်း | ၇၄၂၅ | ၆၀၀၆ | ၁၄၁၉ | ၈၀.၈၉ |

# ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (ဒုတိယအကြိမ်)မဟာသမယအခါတော်နေ့ အခမ်းအနားနှင့် သံဃဒါနဆွမ်းသပိတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၀

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ခေမာသီဝံကျောင်းတိုက်ရှိ အနန္တသုခရွှေတိဂုံဓာတုစေတီတော်ကြီး၌ ကချင်ပြည်နယ်၊ အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (ဒုတိယအကြိမ်) မဟာသမယအခါတော်နေ့ အခမ်းအနားနှင့် သံဃဒါနဆွမ်းသပိတ်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ ခေမာသီဝံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒေဘာသ အမှူးပြုသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခေမာသီဝံကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် မဟာသမယအခါတော်နေ့ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး သံဃာတော်များက မဟာသမယသုတ်ပါဠိတော်များ ရွတ်ဖတ်ပွားများချီးမြှင့်တော်မူကြသည်။

ယင်းနောက်ဝတ်ရွတ်အဖွဲ့က မဟာသမယသုတ်အမွှန်းရှစ်လုံးဖွဲ့ ကဗျာများကို ရွတ်ဖတ်ပူဇော်ကြပြီး သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့်တက်ရောက်လာကြသူများက ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းသပိတ် ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)




သံဃာတော်များအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးတို့က ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

# ပြည်ထောင်စုနယ်မြေနေပြည်တော်၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေး

နေပြည်တော် ဇွန် ၁၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေနေပြည်တော်၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၇၁ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။


ယနေ့တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနောသုခ- Export Quality) ၂၂ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံ ပေါ်ဆန်း) ကိုးအိတ်၊ ဆီ ၂၀၀ ပိဿာ၊ ဆား ၄ ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၂၇ ထုပ်၊ ငါးပိ ၂ ပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သားပါ ခုနစ်ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၃ ထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သားပါ ၁၁ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ရှစ်ထုပ်၊ ကြက်ဥ ၁၁၀ လုံး၊ ဘဲဥ ၃၅ လုံး၊ ခေါက်ဆွဲခြောက် လေးထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ အမဲသား(အသား)ပိဿာ ၁၅၀၊ အမဲသား (အရိုးအသား) ပိဿာ ၁၅၀ တို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်းသက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။


အလားတူ ယနေ့တွင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) သုံးအိတ်၊ စားအုန်းဆီ ၄၀ ပိဿာ၊ ဆား ၄ ပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ ၂ ပိဿာ၊ ငါးနီတူခြောက် ၁ ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ ၃ ထုပ်၊ ကြက်ဥ ၇၅ လုံး၊ ဘဲဥ ၂၀ လုံး၊ ကြက်သွန်နီ ၈ ပိဿာနှင့် အသားတုံး ၂ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးခဲ့ပြီး မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၆ အိတ်၊ စားအုန်းဆီ ၂၂၀၀ ပိဿာ၊ ဆား ၃ ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သားပါ ခုနစ်ထုပ်၊ ငါးပိ ၂ ပိဿာ၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၇ ထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သား ၉ ထုပ်၊ ကြက်ဥ ၁၄၉၀ လုံး၊ ဘဲဥ ၆၁၅ လုံးနှင့် ခေါက်ဆွဲခြောက် ၃၇ ထုပ်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၀-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၆-၂၀၂၅ ရက်နေ့မှ ၁၄-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၀-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၆-၂၀၂၅ ရက်နေ့မှ ၁၆-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




❖ **ကျောဖုံးမှအဆက်**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၂ ရက်မှ ၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၂၂ ဒသမ ၈၂၁၄) တန်၊ သစ်မာ (၃၆ ဒသမ ၈၁၅၈) တန်၊ အခြား (၄ ဒသမ ၉၃၇၂) တန် စုစုပေါင်း (၆၄ ဒသမ ၅၇၄၄) တန်၊ ယာဉ်/ ယန္တရား (၆) စီး၊ တရားခံ (၅) ဦး** ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူကို ရက်ရက်စက်စက်သတ်ဖြတ်တဲ့ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့”** ခေါင်းစဉ်ဖြင့် ၁၁-၆-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းတွေကို အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဇွန် ၁၀**

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည်လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာ၏အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ စပါးစေ့ကျေးရွာအနီးသို့အရောက် ရုတ်တရက်စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ကာ မြေပြင်ပေါ်သို့ ပျက်ကျခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ လေယာဉ်ပျက်ကျခဲ့သည့် နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လေယာဉ်စက်ချွတ်ယွင်းမှု အကြောင်းရင်းအား စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၉ ဦးတို့ ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၁၀**

အစွန်းရောက်အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့်တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့် လှုံ့ဆော်မှုများဖြင့် အများပြည်သူ သွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အဦများနှင့် လူနေအိမ်များအား ဖောက်ခွဲရေးပစ္စည်းကိရိယာများ အသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ ည ၇ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာ နယ်မြေခံ သင်တန်းကျောင်း အုတ်တံတိုင်းဘေးတွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ “ဝါဖူး” အထည်ချုပ်စက်ရုံမှ ကြာဖြူကန်ကျေးရွာနေ ဦးဝင်းကျော်(၄၀)နှစ် မောင်းနှင်ပြီး အထည်ချုပ်ဝန်ထမ်းများ လိုက်ပါလာသည့် 9B/1349 Isuzu Canda မော်တော်ယာဉ်သည် အဆိုပါနေရာအနီးအရောက်၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ဝါဖူးအထည်ချုပ်စက်ရုံမှ အလုပ်သမားများဖြစ်သည့် ကျော်ရဲအောင်(၃၃)နှစ်၊ ဒေါ်မြမြဆင့်(၄၅)နှစ်၊ ဒေါ်ထွေးထွေးရီ(၄၁)နှစ်၊ မအိပိုပိုသက်(၂၃)နှစ်၊ မအေးမာထွန်း(၄၃)နှစ်၊ မဇင်မာသင်း(၂၉)နှစ်၊ မအိအိပြုံး(၃၅)နှစ်၊ မဝေနှင်းစိုး(၂၈)နှစ်၊ မလေးလေးနွယ်(၅၀)နှစ်၊ မနွယ်နွယ်ဝါ (၃၃)နှစ်၊ စုစုပေါင်း အမျိုးသား ၁ ဦး၊ အမျိုးသမီး ၉ ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်းသိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

# တာချီလိတ်မြို့တွင် ထိုင်းနိုင်ငံမှ အလိုရှိတရားခံပြေးအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ




တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၂ ရက်နေ့ ညနေ ၄ နာရီခွဲအချိန် တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ နယ်မြေ(၂)၊ ဟွေနမ့်လင်းကျေးရွာရှိ ဒေါ်နန်းကော့၏ခြံဝင်း၌ ထိုင်းနိုင်ငံမှ အလိုရှိတရားခံပြေးများ ငှားရမ်းနေထိုင်လျက်ရှိကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ထိုင်းနိုင်ငံမှ မူးယစ်မှုဖြင့်အလိုရှိတရားခံပြေး Mr. Phanatsak Riabpuang (ဖနပ်ဆက်ရိဖောင်း)နှင့် Miss. Wanida Jakkeaw (ဝနိဒါကျတျောက်)တို့ ၂ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀ ပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ ၂ ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “ရန်နိုင်ထက်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်နေ ရန်နိုင်ထက်(ခ)ရန်နိုင်အား ညနေ ၄ နာရီ ၅၀ မိနစ်တွင် ချမ်းမြသာစည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN
NAN MYAING
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အညေအသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD MEDAL A.I.B.A

❖ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်မှုထုတ်ကုန်လုပ်ငန်းများ(Agro Base Industry)ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တွံတေးမွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာအသင်းက ပါကစ္စတန်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရ



ရန်ကုန် ဇွန် ၁၀

၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စု (E) ဒုတိယပွဲအဖြစ် မြန်မာအသင်းနှင့် ပါကစ္စတန်အသင်းတို့သည် ယနေ့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် နှစ်ပွဲဆက်တိုက်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်ပိုရှိလာသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာဖဂန်နစ္စတန်အသင်းနှင့် ပါကစ္စတန်အသင်းတို့ကို အိမ်ကွင်း၌ နှစ်ပွဲဆက်တိုက်အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ပရိသတ် ၃၀၀၀၀ ကျော်ဆံ့ သုဝဏ္ဏကွင်းအတွင်းသို့ မြန်မာဘောလုံးပရိသတ်များ **စာမျက်နှာ ၁၂ ကော်လံ ၁** ❍

## ဆောင်းပါး

**မိဘ၊ ဆရာပူးပေါင်း၍ ကလေးကိုပြုပြင်ပါ**

စာ - ၁၃ သို့

**ရှေးအစဉ်အလာမှ ယနေ့ထိတိုင် ကမ္ဘာ့ကျန်းမာရေး ခြိမ်းခြောက်မှု ထောင့်သန်း(Anthrax) ရောဂါ**

စာ - ၂၅ သို့

# အထူးမိုးလေဝသသတင်း

## အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် ဇွန်လ ၁၆ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၀

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန်လ ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ **စာမျက်နှာ ၂၈ ကော်လံ ၁** ❖

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၀-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၁-၆-၂၀၂၅ ရက်နေ့မှ ၁၂-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

